၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## သံသရာသည် ရှည်လျား၏

အိပ်မပျော် နိုးနေသောသူအား ညဥ့်တာရှည်လျား၏။ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ**

ပြည်တွင်းသတင်း စာ ၅

## ယနေ့ ဖတ်စရာ

**ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ရန်ကုန်၌ ကျင်းပ**

ပြည်တွင်းသတင်း စာ ၄

**သမားရိုးကျမဟုတ်သည့် လုံခြုံရေးစိန်ခေါ်မှုများနှင့် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ**

ဆောင်းပါး စာ ၆

**အာကာသယာဉ်မှူးလေးဦးပါ စပေ့အိတ်စ်ဒုံးပျံကို နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာ လွှတ်တင်**



နိုင်ငံတကာသတင်း စာ ၁၃



ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နေလင်း

## မြန်မာ့အထည်ချုပ်ကဏ္ဍ အခြေအနေတိုးတက်ကောင်းမွန်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက ကြေညာချက်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) သည် H&M Group က မြန်မာနိုင်ငံမှ ချုပ်ထည်အမှာစာပစ္စည်းများ ဝယ်ယူခြင်းအား တစ်ဆင့်ချင်းအလိုက် ရပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၇ ရက်ထုတ် Reuters သတင်းဆောင်းပါးမှတစ်ဆင့် သိရှိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁*



# ပွင့်လင်းရာသီအမီပြင်ဆင် ခရီးသွားလုပ်ငန်းမြှင့်တင်

၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းက ထိပ်ဆုံးမှပါဝင်သည်။ မြန်မာနိုင်ငံတွင်မူ ယင်းမတိုင်မီကာလ ၂၀၁၈ ခုနှစ်ကပင် ရခိုင်ပြည်နယ်အရေးကိစ္စကို အကြောင်းပြု၍ ဟန့်တားပိတ်ဆို့မှုများကြောင့် အနောက်နိုင်ငံများမှ ခရီးသွားဧည့်သည်များ လာရောက်မှုကို လက်လွှတ်ခဲ့ရပြီး အာရှနှင့်အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားများကိုသာ မျှော်ခဲ့ရသည့်အနေအထားရှိခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်လာနိုင်ပြီးသည့်နောက် ကမ္ဘာ့နိုင်ငံအသီးသီးတို့က ၎င်းတို့၏ စီးပွားရေးကဏ္ဍများ ပြန်လည်နာလန်ထူလာရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ခရီးသွားလုပ်ငန်းသည် အလျင်မြန်ဆုံး ပြန်လည်နိုးထလာနိုင်သည့် စီးပွားရေးလုပ်ငန်း၊ ပြည်ပဝင်ငွေကို မြန်မြန်ဆန်ဆန်နှင့် များများစားစား ရှာဖွေပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တွေ့မြင်ရသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပြည်တွင်းရှိ ဒေသအစိတ်အပိုင်းအချို့၌ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်မှုများပြုလုပ်နေရသည့်တိုင် ခရီးသွားလုပ်ငန်းများ ကောင်းစွာလည်ပတ်လုပ်ကိုင်နိုင်သည့်အလျောက် ခရီးသွားဆွဲဆောင်ရာဒေသများတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့အနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်မှုများကို ပြုလုပ်သွားကြရန် လိုအပ်လာသည်။

"မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ပြည်တွင်းပြည်ပ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသထွက် စားသောက်ကုန်များ သန့်ရှင်းကောင်းမွန်မှုများရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တည်းခိုရေးနှင့် သက်ဆိုင်သည့် ဟိုတယ်များနှင့် တည်းခိုခန်းများ၊ စားသောက်ရေးနှင့် အသုံးအဆောင်ပစ္စည်းများ အဆင့်အတန်းရှိရှိ ဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ခရီးသွားခြင်းသည် ကိုယ်ရောစိတ်ပါ အပန်းပြေမှု၊ ကျေနပ်ပျော်ရွှင်မှု၊ ကြည်နူးဖွယ်ခံစားမှုတို့နှင့် အတွေ့အကြုံသစ်များကို ရရှိလိုသည့်အတွက် ဒေသတစ်ခုခုဆီသို့ သွားရောက်ကြခြင်းဖြစ်သည်။ ခရီးသည်များ၏ လိုအပ်ချက်အတွက် သယ်ယူပို့ဆောင်ရေး၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ ဧည့်ခံဖျော်ဖြေရေးတို့ကို အကောင်းဆုံးစီမံဆောင်ရွက်ခြင်းဖြင့် ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာနိုင်သကဲ့သို့ ဒေသစီးပွားရေးကိုလည်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည့်အလျောက် ခရီးသည်များ ပိုမိုလာရောက်ကြစေရန် ဆွဲဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအတွက် လိုအပ်ချက်များ ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ရေး၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ရေးဆွဲရေးတို့ကို ပွင့်လင်းရာသီမတိုင်ခင် ယခုကပင် ကြိုတင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ခရီးသွားဒေသများ၊ ဆွဲဆောင်ရာနေရာများ ကိုယ်စီပိုင်ဆိုင်ထားကြသည်။ ဒေသအလိုက် ကွဲပြားခြားနားမှုများ၊ ထူးခြားမှုများလည်း ရှိနေကြပြီး ခရီးသွားများသိရှိလာစေရန် ဖော်ထုတ်ခြင်းနှင့် စိတ်ဝင်စား လာရောက်စေရန် ဖိတ်ခေါ်ခြင်းတို့ပြုလုပ်သွားကြရမည်ဖြစ်သည်။ မိမိတို့ပိုင်ဆိုင်ထားသည့် ခရီးသွားဒေသများ သန့်ရှင်းသပ်ရပ် ထင်ရှားပေါ်လွင်နေစေရေး၊ မိမိတို့ ခရီးသွားဒေသများ၏ ကိုယ်ပိုင်ဝိသေသများ၊ စိတ်ဝင်စားဖွယ်အကြောင်းအရာများကိုပါ ဖော်ထုတ်ပြသရေး၊ လာရောက်ကြသည့် ခရီးသည်များအား စိတ်ဝင်စားဖွယ် အတွေ့အကြုံများ ခံစားရရှိစေနိုင်ရန် ဖန်တီးဖော်ဆောင်ပေးရေး၊ ဒေသခံများ၏ ရင်းနှီးဖော်ရွေမှုများ၊ ရိုင်းပင်းကူညီမှုများဖြင့် နွေးထွေးစွာကြိုဆိုရေး၊ သတင်းအချက်အလက်နည်းပညာဖြင့် မိမိတို့၏ ဒေသဆိုင်ရာအချက်အလက်များ အလွယ်တကူရရှိအောင် ဆောင်ရွက်ကာ ဈေးကွက်မြှင့်တင်ရေးတို့သည် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက် အရေးပါသည့်အချက်များဖြစ်သည်ဟု ကျွမ်းကျင်သူများ၏ အကြံပြုချက်များအားဖြင့်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ကာ ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ကြပါစေကြောင်း။ ။

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်

နေပြည်တော် ဩဂုတ် ၂၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာ ရီအေး
(၂) ဦးတင်မြင့်
(၃) ဒေါက်တာလှညွန့်

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဇေယျာသီရိမြို့နယ်၌ လယ်ယာမြေဥပဒေများအကြောင်း သိကောင်းစရာများ တောင်သူနည်းပညာပေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ စုဝေးခန်းမ၌ လယ်ယာမြေဥပဒေများအကြောင်း သိကောင်းစရာများ တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနတွင် တောင်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာပညာရှင်များက ပူးပေါင်းဆွေးနွေး အဖြေရှာပေးရန်အတွက် အပတ်စဉ် ကျင်းပလျက်ရှိပြီး ဆွေးနွေးပွဲသို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ တောင်သူများ တက်ရောက်ပြီး ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိတ်ဆက်စကား ပြောကြားပြီး မြေယာဌာနခွဲ(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းလွင်က လယ်ယာမြေ ဥပဒေပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်များ၊ တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးဥပဒေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ထုတ်ပေးခြင်းအကြောင်းအရာများနှင့် အခွင့်အရေးများ၊ စည်းကမ်းချက်များကို မလိုက်နာပါက အရေးယူခြင်းအကြောင်း၊ နစ်နာကြေးနှင့် လျော်ကြေးများ အကြောင်း၊ အမွေဆက်ခံသော လယ်ယာမြေနှင့် လုပ်ငန်းများ၊ လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်များအကြောင်း၊ အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ် လုပ်ထုံးလုပ်နည်းများအကြောင်းကို ဦးဆောင်ဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသည့် တောင်သူများက လယ်ယာမြေကိစ္စရပ်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးရာ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

## ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်၌ စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပြည် ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်၌ ဒေသခံပြည်သူများ စားသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကဏ္ဍအလိုက်လုပ်ငန်းရှင်များနှင့် ကိုယ်တိုင် စိုက်ပျိုး/ မွေးမြူထုတ်လုပ်သူများက ပြည်သူများထံအရောက် ပြင်ပထက်သက်သာသော



ဈေးနှုန်းဖြင့် နေ့စဉ်တိုက်ရိုက်ရောင်းချပေးလျက်ရှိသည်။

အခြေခံစားသုံးကုန်များရောင်းချပေးရာတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် ဆန်စက်/ဆီစက်လုပ်ငန်းရှင်များနှင့် ဆန်ကုန်သည်ကြီးများအသင်းမှ ဧည့်မထဆန်တစ်ပြည် ကျပ် ၂၅၀၀ နှုန်းနှင့် စားအုန်းဆီများကို ပြင်ပထက်သက်သာသော သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရပ်ကွက်များသို့ လှည့်လည်ရောင်းချပေးလျက်ရှိသည်။ ကိုယ်တိုင် သားငါးမွေးမြူထုတ်လုပ်သူများကလည်း ဘဲဥ တစ်လုံး ကျပ် ၃၀၀၊ ကြက်ဥတစ်လုံး ကျပ် ၂၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၁၅၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၁၃၀၀၀၊ ငါး တစ်ပိဿာ ကျပ် ၄၅၀၀ နှင့် ကြက်သား တစ်ပိဿာ ကျပ် ၈၀၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်းနှင့် ယင်းသို့ရောင်းချပေးနေမှုကို မြို့နယ်များအလိုက် တာဝန်ရှိသူများက ကြီးကြပ်ပေးကာ အမယ်စုံတိုးချဲ့ရောင်းချပေးနိုင်ရေး အားပေးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယွန်းပညာကောလိပ်(ပုဂံ)၌ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ

## မြန်မာ့ရိုးရာယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြား

**နေပြည်တော် ဩဂုတ် ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရိုးရာယွန်းပညာရပ်များ သင်ကြားပို့ချနေသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်(ပုဂံ)သို့ သွားရောက်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီးက ယွန်းအတတ်ပညာ ဒီပလိုမာ နှစ်နှစ်သင်တန်း၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ် အထူးသင်တန်းများဖွင့်လှစ်ပို့ချနေမှု၊ တက်ရောက်လေ့လာသင်ယူနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ယွန်းပညာကောလိပ်(ပုဂံ)သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာ့ရိုးရာယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှ ရရှိလာသည့် နည်းပညာများကို ပြန်လည်မျှဝေဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ပညာရေးဆုံးခန်းတိုင်အောင် လေ့လာဆည်းပူးပြီး ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ Grade-9 နှင့်အထက်လူငယ်များအနေဖြင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများတွင် တက်ရောက်နိုင်ပြီး ထူးချွန်သူများက သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရှိပါကြောင်း၊ ဦးစီးဌာနများကလည်း တက်ညီလက်ညီဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ၏ လုပ်ငန်းအခက်အခဲနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးထုတ်ကုန်များ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး နည်းပညာများ ဖြန့်ဝေပေး

**ရန်ကုန် ဩဂုတ် ၂၆**

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း ၂၀၂၀ ဖြင့် MSMEများအား စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများပြန်လည်ဖြန့်ဝေရေး အစီအစဉ်(၂) ဒုတိယနေ့ကို ယမန်နေ့နံနက်ပိုင်းတွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများ ပြန်လည်ဖြန့်ဝေရေးအစီအစဉ်ကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စားသောက်ကုန်များကို နိုင်ငံတကာအဆင့်မီနည်းပညာများ အသုံးချ၍ အရည်အသွေးမြင့်မားပြီး စံချိန်စံညွှန်းပြည့်မီစွာ စီးပွားဖြစ် အမြောက်အမြား ထုတ်လုပ်နိုင်စေရန်၊ အာဆီယံထုတ်ကုန်များအတိုင်း ထုတ်ကုန်သစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ MSME လုပ်ငန်းရှင် ၁၀၀ ထံ မဲခေါင်-လန်ချန်း နည်းပညာဖလှယ်၍ ရရှိထားသော စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသစ်ခြောက်မျိုးနှင့် စံချိန်စံညွှန်းဆိုင်ရာ အသိပညာများကို မျှဝေပေးမည်ဖြစ်သည်။

**ဆွေးနွေးပွဲကျင်းပ**

ထို့နောက် စံချိန်စံညွှန်းများ အသုံးချနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးက **အမျိုးသားရေးရည်မှန်းချက်များဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးကို အောင်မြင်အောင်ဆောင်ရွက်ရန်**ကြွယ်ဝသည့် ရေမြေအရင်းအမြစ်များမှ စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်းတွင် ဖူလုံရုံမျှမက နိုင်ငံတကာဈေးကွက်၌ထိုးဖောက်နေရာယူနိုင်သည်အထိ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်ရေးအတွက် စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းများအတိုင်း Market Competency ရှိစွာ ပို့ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ကာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သမားရိုးကျထုတ်ကုန်များသာမက ထုတ်ကုန်သစ်များကို နည်းပညာသစ်များ အသုံးချထုတ်လုပ်နိုင်ရန် ယခုကဲ့သို့ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ လေ့လာသင်ယူခဲ့သည်များကို ဆင့်ပွားဖြန့်ဝေပေးရန်၊ လုပ်ငန်းအစဉ်တိုးတက်မှုရှိစေရေးနှင့် ပြည်သူ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ MSME များမှ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး လိုအပ်သည့် သုတေသနနှင့် နည်းပညာများ၊ စံချိန်စံညွှန်းဆိုင်ရာ အသိပညာများကို ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်များပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီးက သင်ယူပြီးမြောက်ခြင်းလက်မှတ်များကို MSME လုပ်ငန်းရှင်များထံ ပေးအပ်ပြီး မြိတ်မြို့နှင့် ပြည်မြို့တို့မှ MSME လုပ်ငန်းရှင်များက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

❑ *ရွှေဖုံးမှ*

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် ဤကဲ့သို့ မမျှော်မှန်းထားသော ဖြစ်ပေါ်ပြောင်းလဲမှုသတင်းစကားကို ဖတ်ရှုရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်များသည် စိန်ခေါ်မှုရှိသောစီးပွားရေးအခြေအနေများကြားတွင် အလုပ်ထုတ်ခံရနိုင်ခြေမြင့်မားခြင်းအပါအဝင် စက်ရုံများရှိ ဝန်ထမ်းများ၏ အသက်မွေးဝမ်းကျောင်းကို များစွာထိခိုက်စေမည်ဖြစ်သည်။

**တိုးတက်ကောင်းမွန်လာစေရေးဆောင်ရွက်**

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းကို ၂၀၀၂ ခုနှစ် တည်ထောင်ခဲ့ချိန်က စတင်ပြီး ကဏ္ဍအသီးသီးမှ အကျိုးသက်ဆိုင်သူများ၊ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ နိုင်ငံတကာမိတ်ဖက်များနှင့် နာမည်ရကုန်အမှတ်တံဆိပ်လုပ်ငန်းများဖြင့် မြန်မာ့အထည်ချုပ်စက်ရုံများ၏အခြေအနေများကို တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။

MGMA သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလက စတင်၍ Voluntary Labour Compliance Assess-ment(VLCA) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်စက်ရုံများ၏ အမျိုးသားအလုပ်သမားဥပဒေများနှင့် နိုင်ငံတကာအလုပ်သမားဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ပတ်သက်၍ လိုက်နာမှုရှိမရှိ ဆန်းစစ်အကဲဖြတ်မှုများကို ဆောင်ရွက်နေပါသည်။ အကဲဖြတ်မှုများ အရှိန်မြှင့်ရန်နှင့် စာရင်းသွင်းမှုကို တိုးချဲ့ရန်အတွက် Online Version ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည်။ ယခုအချိန်အထိ စက်ရုံပေါင်း ၂၂၀ ကျော်အတွက် အကဲဖြတ်မှုအောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပြီး စက်ရုံပေါင်း ၁၀၀ ကျော်ကို အကဲဖြတ်မှုလုပ်ငန်းစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

MGMA သည် အလုပ်သမားများ၏ အလုပ်အကိုင်နှင့် စားဝတ်နေရေးဆိုင်ရာကိစ္စရပ်များကို အထည်ချုပ်ကဏ္ဍနှင့် ဆက်နွယ်မှုရှိသည့် အကျိုးသက်ဆိုင်သူများအားလုံးနှင့် အပြုသဘောဆောင်သည့်ပူးပေါင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါသည်။

**အမြဲတမ်းနှိုးဆော်တိုက်တွန်း**

MGMA သည် အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် အထည်အပ်နှံသူများနှင့် ပြည်တွင်းစက်ရုံများနှင့် ပြည်တွင်းတွင် တည်ထောင်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်ရုံများအကြား တာဝန်ယူစွာ လက်တွဲပူးပေါင်းမှု ခိုင်မြဲစေရန် အမြဲတမ်းနှိုးဆော်တိုက်တွန်းလျက်ရှိပါသည်။ MGMA သည် လက်တွေ့မြေပြင်တွင် လုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍအဖွဲ့အစည်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် အစောပိုင်းတွင် အလားတူထွက်ခွာမှုများ၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို မျက်ဝါးထင်ထင်တွေ့ကြုံခဲ့ရပြီး ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာကုန်အမှတ်တံဆိပ်များအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ရှိစွာ ဆက်လက် တည်ရှိနေခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဟု MGMA က အခိုင်အမာယုံကြည်ပါသည်။ MGMA သည် သိန်းပေါင်းများစွာသော ငယ်ရွယ်သည့် အမျိုးသမီးအလုပ်သမားများ၏ ဘဝအခြေအနေ တိုးတက်မှုနှင့်စပ်လျဉ်း၍ ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းပညာများဖြင့် ပံ့ပိုးပေးလျက်ရှိရာ ဤအရေးပါသောအခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ တာဝန်ယူမှုဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုသည် လက်ရှိအလုပ်အကိုင်အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

**ဆက်လက်လုပ်ဆောင်သွားမည်**

MGMA သည် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ်များ၊ မိတ်ဖက်များနှင့်အတူ လက်တွဲလုပ်ဆောင်ရန် အမြဲအဆင်သင့်ရှိနေပြီး အထည်ချုပ်လုပ်ငန်းရှင်များနှင့် အလုပ်သမားများအားလုံးအတွက် မြန်မာ့အထည်ချုပ်ကဏ္ဍ၏ အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ကတိပြုကြေညာချက်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က ထုတ်ပြန်ထားကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ရန်ကုန်၌ ကျင်းပ



**ရန်ကုန်  ဩဂုတ် ၂၆**

ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒယ်နီရယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်တိုင်းရင်းသားများ၊ အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ ဗဟိုအကြံပေးအဖွဲ့ဝင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖားစည် ကိုးချက်တီးပြီး ကရင်လူငယ် ကိုးဦးတို့က ကျွဲချိုမှုတ်၍အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်ဦးစောထွန်းအောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရိုးရာအမွေအနှစ်တစ်ခုဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် က မြန်မာသက္ကရာဇ် ဝါခေါင်လဆန်း ၁ ရက်မှစတင်ပြီး ဝါခေါင်လပြည့်နေ့အထိ ကျင်းပလေ့ရှိသည့် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသားဘိုးဘွားမိဘများ၏ အစဉ်အလာမပျက် လက်ဆင့်ကမ်းခဲ့ကြသည့် မင်္ဂလာတရားများနှင့် ပြည့်စုံသည့် ရိုးရာအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ မိသားစုများအားလုံး စည်းစည်းလုံးလုံးဖြင့် ပြန်လည်တွေ့ဆုံပြီး လက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ နွေးနွေးထွေးထွေးဖြင့် ချစ်ကြည်ရင်းနှီးစည်းလုံးမှုများ တိုးပွားစေခြင်းနှင့် ရိုးရာယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းဖော်ထုတ်ခြင်းတို့ဖြင့် ထူးမြတ်သည့် မင်္ဂလာအခမ်းအနားဖြစ်ကြောင်း၊ "ချည်ဖြူဖွဲ့မင်္ဂလာကျင်းပခြင်းဖြင့်" မကောင်းသည့်ဖြစ်ပျက်မှု၊ ဖြစ်စဉ်များ ပျောက်ပျက်ပြီး ကောင်းမွန်သည့်မင်္ဂလာတရားများ သက်ဝင်ရောက်ရှိလာစေရန် ဆောင်ရွက်ကြသည့် ပွဲတော်ဖြစ်ကြောင်း၊ ပွဲတော်အတွက် လိုအပ်သည့်အရာများမှာ ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ၊ သန့်စင်သောရေနှင့် ကြံပိုင်းတို့ဖြစ်ကြပြီး စနစ်တကျဆောင်ရွက်သည့် ပွဲတော်လည်းဖြစ်ကြောင်း၊ ဤအရာကိုကြည့်ခြင်းအားဖြင့် ကရင်တိုင်းရင်းသားများ၏ စနစ်တကျ စုပေါင်းညီညာဆောင်ရွက်တတ်မှု၊ လက်ဆင့်ကမ်းအမွေအနှစ်များ လွှဲပြောင်းပေးအပ်ခံယူတတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်တတ်မှုများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပေးကြသည့် ပြည်ထောင်စုဖွားကရင်တိုင်းရင်းသားများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်းနှင့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး အတူတကွ ကျရာကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

**ရိုးရာအကများဖြင့် ဖျော်ဖြေ**

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကရင်လူမျိုးများ၏ ရိုးရာအိုးစည်အက၊ ကရင်ရိုးရာဒုံးယိမ်းအက၊ ကရင်ဝါးညှပ်အကများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ တိုင်းရင်းသား ဝန်ထမ်းများက စည်းလုံးခြင်းအတွက် တေးသီချင်း၊ ရိုးရာအကများဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ပွဲတော်ကျင်းပရေးကော်မတီနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ထောက်ပံ့ငွေများပေးအပ်ကြပြီး ကရင်ဘိုးဘွားများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ကရင်ရိုးရာချည်ဖြူ ဖွဲ့ပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ဆိပ်ခံဇောတံတားနှင့် တိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ၊ နန်းမြင့်မျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အချို့သော သမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုးပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက်ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှု ပြုပြင်ထိန်းသိမ်းပြီး လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကို စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျရှင်းလင်းတင်ပြကြရန် တိုက်တွန်းပြောကြားပြီး ဌာနဆိုင်ရာလိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးညွန့်အောင် မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့စက်မှုဆိပ်ကမ်း(MIP)နှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့သို့ ရောက်ရှိပြီး ကုန်သေတ္တာများ X-ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှု၊ ဆိပ်ကမ်းအတွင်းနှင့် Export တင်ပို့မည့် CMP ပစ္စည်းများ မျက်မြင်ဖွင့်ဖောက်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အေးရှားဝေါလ်ဆိပ်ကမ်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ သီလဝါဆိပ်ကမ်း နယ်မြေရှိဆိပ်ကမ်းများနှင့် စက်သုံးဆီဆိပ်ကမ်းများမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် MV Mercury Force သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ပေးပို့သည့် ၁၀ မီတာ ကွန်ကရစ်မီးတိုင် ၁၅၁၇ တိုင်၊ ၉ မီတာ ကွန်ကရစ်မီးတိုင် ၁၃၅၅ တိုင် စုစုပေါင်း ၁၉၄၂ ဒသမ ၄၆ တန်ကို လည်းကောင်း၊ MV Weru Pack Kha သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် ဆန် ၂၄ ပြည်ဝင် အိတ် ၃၅၀၀၀၊ ဒေါင့်သံချောင်း တန် ၄၀၀၊ ဖလန်းသံပြားချောင်း တန် ၂၀၊ စားသောက်ကုန်နှစ်တန် စုစုပေါင်း ၂၁၇၁ ဒသမ ၅၉ တန်ကို လည်းကောင်း တင်ဆောင်၍ ယနေ့ နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော် စစ်ရေယာဉ်များအပါအဝင် ရေယာဉ်အစင်း ၃၀ ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၄၀၃၉၂ ဒသမ ၀၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန် တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ရုံးပိတ်ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီးအလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။





ဘုရားဖူးလာပြည်သူများ သုဓမ္မာဇရပ်များပေါ်တွင် အနားယူ အပန်းဖြေနေကြစဉ်။



ဘုရားဖူးလာအဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အခမဲ့ လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံဘဏ္ဍာရေးနှင့် ကျန်းမာရေးဝန်ကြီးများ ပူးတွဲအစည်းအဝေးနှင့် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဩဂုတ် ၂၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဩဂုတ် ၂၅ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Hotel St. Regis ၌ ကျင်းပသည့် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခဲ့သည်။** (အောက်ပုံ)



အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံကျန်းမာရေးဝန်ကြီးများ အလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးတို့က အမှာစကားများပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ဆက်လက်၍ အစည်းအဝေးအစီအစဉ်အရ ကိုဗစ်-၁၉ ကပ်ရောဂါ အရေးပေါ်ကာကွယ်တုံ့ပြန်ရေးမှတစ်ဆင့် ရေရှည်ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် ကောင်းမွန်သည့် ကျန်းမာရေးစနစ်များ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေး အာဆီယံနိုင်ငံများအတွက် ဖြစ်နိုင်ခြေရှိသည့် အထောက်အပံ့များရရှိရေးအစရှိသည့် ဆွေးနွေးပွဲများကို ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ African Union၊ 2023 G 20 Health Working Group၊ WHO South East Asia Region၊ 2023 G7 Health Working Group၊ APEC အဖွဲ့ဝင်နိုင်ငံများ၊ World Bank၊ ADB၊ GAVI၊ CEPI အဖွဲ့များမှ ပညာရှင်များ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါသည် လက်ရှိအချိန်တွင် အရေးပေါ်တုံ့ပြန်ရေးအခြေအနေမှ ရေရှည်ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့်အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည်လည်း ကပ်ရောဂါကာလအတွင်း အခက်အခဲများ ကြုံတွေ့ခဲ့ရပါကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကဏ္ဍပေါင်းစုံနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကပ်ရောဂါအား အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော နိုင်ငံ၏ လူမှုစီးပွားရေး၊ ပြန်လည်ကုစားနိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေရေးအတွက် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar COVID-19 Economic Relief Plan) ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၁ ခုနှစ်မှ စတင်၍ ရောဂါပိုးများ၏ မျိုးရိုးဗီဇစောင့်ကြည့်ခြင်းစနစ် (Genomic Surveillance System) ကိုလည်း အားကောင်းစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ မျိုးရိုးဗီဇပြောင်းလဲမှုအသစ်များကို ရှာဖွေစမ်းသပ်စစ်ဆေးအတည်ပြုနိုင်ပြီဖြစ်ပါကြောင်း၊ မြန်မာကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar Center for Disease Control) ကိုလည်း နေပြည်တော်တွင် တည်ဆောက်နေသည်မှာ ပြီးစီးတော့မည်ဖြစ်၍ မကြာမီကာလအတွင်း နိုင်ငံတကာနှင့် ဒေသတွင်းအဆင့်မီ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးစင်တာတစ်ခု ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး နောင်ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ကပ်ရောဂါများ၊ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထူးအရေးပါသည့် ဌာနတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများအတွက် ကပ်ရောဂါဖြစ်ပွားမှုကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ ပံ့ပိုးကူညီမှုများရရှိရေး ဆွေးနွေးပြောကြားရာတွင် ရောဂါပိုးများ၏ မျိုးရိုးဗီဇစောင့်ကြည့်ခြင်းစနစ် (Genomic Surveillance System) နှင့် Genomic Sequencing ဆောင်ရွက်နိုင်သည့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းသည် ပိုးအသစ်များ ဖြစ်ပေါ်လာမှုအား အချိန်နှင့်တစ်ပြေးညီ သိရှိထိန်းချုပ်နိုင်ရေး အရေးကြီးသည့်အတွက် အဆိုပါစနစ်များ အားကောင်းစေရေး ထောက်ပံ့မှုများရရှိရေး၊ ဒေသတွင်းနိုင်ငံများအချင်းချင်း သတင်းအချက်အလက်၊ အသိပညာမျှဝေခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ကတိကဝတ်ပြုထားသည့် အကူအညီအထောက်အပံ့များ အနည်းငယ်သာ ရရှိခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၏ ကူညီပံ့ပိုးမှုများအား အဖွဲ့ဝင်နိုင်ငံများအပေါ် ခွဲခြားဆက်ဆံမှု မရှိစေဘဲ တန်းတူညီမျှရရှိရေးအား ASEAN Equality, ASEAN Centrality နှင့်အညီသာ ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်းနေထိုင်သော ပြည်သူအားလုံး၏ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်နိုင်ရေး၊ တုံ့ပြန်နိုင်စွမ်းအားကောင်းမွန်ပြီး ရေရှည်တည်တံ့၍ အားလုံးပါဝင်နိုင်သည့် ကျန်းမာရေးစနစ်နှင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၊ ပြည်သူများအားလုံးနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လာမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုနိုင်ရေး တင်သွင်းမည့် တိုက်တွန်းနှိုးဆော်ချက် Call for Action ကို အတည်ပြုခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သမားရိုးကျမဟုတ်သည့် လုံခြုံရေးစိန်ခေါ်မှုများနှင့် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ

နန္ဒာလွင်မိုး( Myanmar-ISIS )

**မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies) က ကြီးမှူးပြီး မဲခေါင် - လန်ချန်းနိုင်ငံများအကြား သမားရိုးကျ မဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ (Seminar: Cooperation on Non-Traditional Security Matters among Mekong Lancang Countries) ကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ မဖော်ပြမီ မဲခေါင်-လန်ချန်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုယန္တရားနှင့်စပ်လျဉ်း၍ အနည်းငယ်မျှ တင်ပြလိုပါသည်။ ဤနေရာ၌ "မဲခေါင်-လန်ချန်း" အခေါ်အဝေါ်နှင့် "လန်ချန်း-မဲခေါင်" အခေါ်အဝေါ်ကို အနည်းငယ်ရှင်းပြလိုပါသည်။**


### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစ

အရှေ့အာရှနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် ခြောက်နိုင်ငံမှ လူဦးရေ ၃၂၆ သန်းကျော်၏ ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု စတင်စေခဲ့သည့် မဲခေါင် (သို့မဟုတ်) လန်ချန်းမြစ်သည် မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားပြီး ကမ္ဘာတွင် (၁၂) စင်းမြောက် အရှည်ဆုံးမြစ်တစ်စင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဗက်ကုန်းမြင့်ဒေသတွင် မြစ်ဖျားခံ၍ ဖော်ပြပါ ခြောက်နိုင်ငံကို ဖြတ်သန်းလျက် ဗီယက်နမ်မြစ်ဝှမ်းဒေသကို ဖြတ်သန်းပြီး တောင်တရုတ်ပင်လယ်အတွင်းစီးဝင်သွားသော အဆိုပါမြစ်ကို တရုတ်နိုင်ငံတွင် လန်ချန်းမြစ်ဟု ခေါ်ဆိုပြီး ကျန်ဖြတ်သန်းစီးဆင်းရာ နိုင်ငံများက မဲခေါင်မြစ်ဟု ခေါ်တွင်ကြပါသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုထူထောင်နိုင်ရေး စတင်ဆွေးနွေးခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation-MLC)"ယန္တရားကို တည်ထောင်ခဲ့ပါသည်။

### မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဓိကမဏ္ဍိုင် (၃)ခု (MLC Cooperation Pillars) ဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development)နှင့်လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People-to-People Exchange) နှင့် ဦးစားပေးကဏ္ဍ (MLC Priority Cooperation Areas) (၅) ခု ဖြစ်သည့် ပေါင်းစည်းဆက်နွယ်မှု၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်သည့် (5+3 Framework) လုပ်ငန်းမူဘောင်ကိုချမှတ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် ကျန်းမာရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိခိုက်ပျက်စီးမှုလျှော့ချရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ အကောက်ခွန်နှင့် ကုန်ပစ္စည်းအရည်အသွေး စစ်ဆေးမှုကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် မီဒီယာကဏ္ဍ စသည့်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ခဲ့ပါသည်။



မဲခေါင် - လန်ချန်းနိုင်ငံများအကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်သည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (၁၄-၇-၂၀၂၃)

အဖွဲ့ဝင်နိုင်ငံများ၏ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် အဖွဲ့၏သက်တမ်းသည် နုနယ်သော်လည်း လက်တွေ့ဆန်ပြီး ထိရောက်သည့် လူထုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ရပ်အဖြစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကြီးသည် အောင်မြင်စွာ ရပ်တည်နိုင်လျက်ရှိပါသည်။

### သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ ကျင်းပခြင်း

သိပ္ပံနှင့်နည်းပညာရပ်များ စက္ကန့်နှင့်အမျှ တိုးတက်လာမှု၏ကောင်းကျိုးများကို မိမိတို့ ကမ္ဘာသူကမ္ဘာသားတိုင်း စံစားနေရသကဲ့သို့ ဆိုးကျိုးများကိုလည်း ကြုံတွေ့ခံစားနေကြရပါသည်။ နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏အနေအထားနှင့်ကိုက်ညီသည့် ပြည်တွင်းဥပဒေများ၊ နည်းဥပဒေများအသုံးပြု၍ နည်းပညာရပ်၏ ကောင်းကျိုးဆိုးကျိုးများကို ချိန်ခွင်လျှာ ညီမျှစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများသည်လည်း နည်းပညာတိုးတက်လာမှု၏ နောက်ဆက်တွဲကောင်းကျိုးများကို တူညီစွာ လက်တွဲအသုံးချနိုင်ရေးနှင့် ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးတို့ကို ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့သည်ယနေ့ခေတ် လူသားတစ်ဦးချင်း၊ တစ်ယောက်ချင်းနီးပါးကြုံတွေ့နေရသည့် နည်းပညာဆိုးကျိုးများနှင့်သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအဖြေရှာနိုင်ရန်အလို့ငှာ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များအား ဖိတ်ကြားပြီး သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ပြီး ပထမအပိုင်းတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစား၊ လိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယပိုင်းတွင် စားရေရိက္ခာလုံခြုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးမှုများသည် တရုတ်၏ Global Security Initiative (GSI)၊ Global Development Initiative(GDI)၊ Global Civilization Initiative (GCI) တို့နှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌတို့ကလည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး အမှာစကား ပြောကြားခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များအပြင် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံ ခြောက်နိုင်ငံရှိအသိပညာရှင်အဖွဲ့အစည်းများဖြစ်သည့် Cambodian Institute for Cooperation and Peace၊ China Institute of International Studies၊ International Studies Center in Thailand၊ Institute of Foreign Affairs in Laos PDR၊ Institute for Southeast Asian Studies in Vietnam နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ သုတေသီများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများနှင့် ရန်ကုန်မြို့ရှိ မဲခေါင်-လန်ချန်းနိုင်ငံများ၏ သံရုံးများမှ ကိုယ်စားလှယ်များလည်း တက်ရောက် လေ့လာခဲ့ကြပါသည်။ ဆွေးနွေးပွဲ၌ အသိပညာရှင်/ အတတ်ပညာရှင်များသည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

### ဆွေးနွေးပွဲ ပထမပိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများ

ယနေ့ခေတ်၏ သတင်းအချက်အလက် နည်းပညာကဏ္ဍမှာ အကန့်အသတ်မဲ့ ကြီးထွားလာပြီး လူမှုဘဝသည် ယခင်ကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ဆောင်ရွက်ရန် အချိန်များစွာ မယူရတော့ဘဲ အင်တာနက်ဟူသည့် ပလက်ဖောင်းတစ်ခုအား အသုံးပြု၍ လုပ်ငန်းဆောင်တာအတော်များများကို အချိန်တိုအတွင်း ပြီးမြောက်နိုင်ကြသည်။ ထို့ကြောင့် မိမိတို့ မဲခေါင် - လန်ချန်းဒေသနိုင်ငံများသည်လည်း အဆိုပါ နည်းပညာခေတ်ရေစီးကြောင်းတွင် မလွဲမသွေ မျောပါနေကြပြီး အထူးသဖြင့် ငွေကြေးဆိုင်ရာ နည်းပညာ၊ အီလက်ထရွန်နစ်ကုန်သွယ်ရေး အစရှိသည်တို့အား အကျိုးရှိရှိ အသုံးပြုလာကြရာ ကွန်ရက်ချိတ်ဆက်မှုနှင့် အင်တာနက်ဝန်ဆောင်မှုများကို တစ်ဆထက်တစ်ဆ တိုးတက်တောင်းဆို အသုံးပြုလာလျက်ရှိပါသည်။ သို့သော်လည်း အဆိုပါပလက်ဖောင်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၎င်းနည်းပညာကို ဖန်တီးထားကြသူများအပေါ် အလုံးစုံ မှီခိုအသုံးပြုနေရခြင်းဖြစ်သောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းသော်လည်း ရောင်ပြန်ဟပ်မှုအဖြစ် သတင်းအချက်အလက်များဖြစ်ပေါ်စေသည့်

စာမျက်နှာ ၇ သို့

**❑ ဆိုက်ဘာရာဇဝတ်မှုများတွင် အများဆုံးတွေ့ရသည့် အမှုအခင်းများမှာ အွန်လိုင်းလောင်းကစား၊ ဘဏ်စာရင်းအကောင့် လိမ်လည်ထုတ်ယူမှု၊ တရားမဝင် မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ ငွေကြေးခဝါချမှု၊ သတင်းအချက်အလက် တရားမဝင်ထောက်လှမ်းမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုများလိမ်လည်မှု၊ ငွေကြေးလွှဲပြောင်းပေးရန် လိမ်လည်စေခိုင်းမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုများဖြစ်**

*စာမျက်နှာ ၆ မှ*

ဆိုက်ဘာလုံခြုံရေး စိန်ခေါ်မှုကိုပါ နောက်ဆက်တွဲ ရင်ဆိုင်ရလျက်ရှိပါသည်။ အင်တာနက် နည်းပညာအား နည်းလမ်းမျိုးစုံဖြင့် အသုံးချလျက်ရှိရာတွင် အီလက်ထရွန်နစ်မှုခင်းများ ဖြစ်ပေါ်လာသည့် အွန်လိုင်းလောင်းကစားများနှင့် လိမ်လည်မှုများကို ကျူးလွန်လျက်တစ်လွဲ အသုံးချနေခြင်းများကိုလည်း ရင်ဆိုင်ကြရလျက်ရှိသည်။

ကာစီနိုကစားဝိုင်းများသည် သိသာထင်ရှားမြင်နိုင်သော လောင်းကစားမှုများ ဖြစ်သော်လည်း အွန်လိုင်းလောင်းကစားများမှာမူ မမြင်နိုင်ဘဲ ထိန်းချုပ်နိုင်ရန် ခက်ခဲပြီး နေရာအနှံ့၊ နိုင်ငံအနှံ့၊ ကမ္ဘာအနှံ့သို့ ပျံ့နှံ့လျက်ရှိကာ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့် စီးပွားရေးကို ခြိမ်းခြောက်လျက် ရှိပါသည်။ ဒေသတွင်း ဆိုက်ဘာရာဇဝတ်မှုများသည် တွင်ကျယ်စွာ ပေါ်ပေါက်လျက်ရှိနေရာ မဲခေါင်ဒေသတွင်းနိုင်ငံများမှ ပူးပေါင်းဖြေရှင်းရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် စပ်လျဉ်းပါကလည်း လောက်ကိုင်ဒေသနှင့် မြဝတီ၊ ရွှေကုက္ကိုဒေသတို့ကို ဆိုက်ဘာပြစ်မှုများဖြင့် သတင်းများတွင် လူသိများလျက်ရှိရာ နိုင်ငံတော်ပုံရိပ်ကို ထိပါးစေသည်ဟု ယူဆပါသည်။

ဆိုက်ဘာရာဇဝတ်မှုများတွင် အများဆုံးတွေ့ရသည့် အမှုအခင်းများမှာ အွန်လိုင်းလောင်းကစား၊ ဘဏ်စာရင်းအကောင့် လိမ်လည်ထုတ်ယူမှု၊ တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုကူးမှု၊ ငွေကြေးခဝါချမှု၊ သတင်းအချက်အလက် တရားမဝင်ထောက်လှမ်းမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ လိမ်လည်မှု၊ ငွေကြေးလွှဲပြောင်းပေးရန် လိမ်လည်စေခိုင်းမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုများဖြစ်ကြပါသည်။ လေ့လာစုံစမ်းမှုများအရ ရာဇဝတ်မှုကျူးလွန်သူများသည် စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို အသုံးပြုကာ ကျူးလွန်ကြလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ဆိုက်ဘာခြိမ်းခြောက်မှုများသည် ဆိုက်ဘာဝန်ဆောင်မှုကို တိုက်ခိုက်ခြင်း၊ ပုဂ္ဂိုလ်ရေးအချက်အလက်များအား ခိုးယူပြီး အလွဲသုံးစားပြုလုပ်ခြင်း၊ အစိုးရများ၏ အချက်အလက်များ ပေါက်ကြားစေခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ သတင်းအချက်အလက်များ ပေါက်ကြားစေခြင်းတို့အပြင် နိုင်ငံ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) စီးပွားရေးလုပ်ငန်း၏ အုပ်ချုပ်မှုယန္တရားအား တဖြည်းဖြည်း ထိခိုက်စေလာနိုင်ပါသည်။




မဲခေါင်-လန်ချန်း ဒေသပြမြေပုံ။

နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာရာဇဝတ်မှုများကို လုပ်ဆောင်လာကြသည့် နည်းပညာရပ်များသည်လည်း ကျွဲကူးရေပါဆိုသကဲ့သို့ မြင့်မားလာကာ နောက်ပိုင်းတွင် အလေးပေးဖြေရှင်းရမည့် အဓိက ပြဿနာများဖြစ်လာကြပါသည်။ အထက်ဖော်ပြပါ ဆိုက်ဘာမှုခင်းများအပြင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှုများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းများသည် ဥပဒေကြောင်းအရ အရေးယူနိုင်ရန် ခက်ခဲလျက်ရှိပြီး ယင်းပြဿနာများကို တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်နိုင်ငံချင်းအနေဖြင့် ဖြေရှင်း၍မရနိုင်သည်မှာ အများ အသိပင်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါပြဿနာများ ဒေသတွင်းနိုင်ငံများအနေဖြင့် လက်တွဲဖြေရှင်းကြရမည်ဖြစ်ရာ ယခုကဲ့သို့ ဆွေးနွေးပွဲများပြုလုပ်၍ အဖွဲ့ဝင်နိုင်ငံများမှ အသိပညာရှင် သုတေသီများ ပူးပေါင်းကာ အတွေးအခေါ် အယူအဆသစ်များ ဖန်တီးဖော်ထုတ်ပြီး အဆုံးအဖြတ်ပေးကြရမည့် သက်ဆိုင်ရာအာဏာပိုင်များအတွက် အထောက်အကူပြုမည့် အကြံဉာဏ်များ ပေးနိုင်မည်ဆိုပါက မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအကြား သမားရိုးကျမဟုတ်သည့် လုံခြုံရေး စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရန်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

**ဆွေးနွေးပွဲ ပထမပိုင်းမှ လက်တွဲပူးပေါင်းဖြေရှင်းနိုင်ရေး အဆိုပြုချက်များ**

ဆိုက်ဘာရာဇဝတ်မှုများအား တိုက်ဖျက်နိုင်ရန်အတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ဆိုက်ဘာရာဇဝတ်မှုများအပေါ် ဒေသတွင်းနိုင်ငံများမှ လက်တွဲကာ ပေါင်းစည်းအဖွဲ့တစ်ရပ် ဖွဲ့စည်း၍ ယင်းမှတစ်ဆင့် ရှုပ်ထွေးသော နယ်စပ်ဖြတ်ကျော် ဆိုက်ဘာရာဇဝတ်မှုများကို ဦးဆောင်တိုက်ဖျက်သင့်ပါသည်။ ယင်းအဖွဲ့သည် ဆိုက်ဘာရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ကောက်ယူခြင်း၊ မျှဝေခြင်းနှင့် သုံးသပ်ခြင်းတို့ပြုလုပ်ရန်၊ ဒေသဆိုင်ရာလမ်းပြမြေပုံကို ပူးတွဲမဟာဗျူဟာ ချမှတ်ရေးဆွဲကာ ဦးစားပေးနှင့် မဟာဗျူဟာများ ချမှတ်ဖော်ဆောင်ရေး၊ မဟာဗျူဟာအား အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်ခြင်းများ ဆောင်ရွက်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ စွမ်းရည်တည်ဆောက်ရေး၊ ပုဂ္ဂလိက၊ ပြည်သူ၊ အသိပညာရှင်နှင့် အစိုးရမဟုတ်သော အစရှိသည့် သက်ဆိုင်သူများ အားလုံးပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု ဆောင်ရွက်ရေးတို့ဖြစ်သည်။ ထို့အပြင် ဆိုက်ဘာရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ စွမ်းရည်တည်ဆောက်ရေး၊ တိုးတက်နေသည့် နည်းပညာကို အသုံးပြုရေး၊ ပြည်သူများအကြား အသိပညာပေးရေး၊ ဥပဒေနှင့် နည်းဥပဒေများ တိုးမြှင့်ထိန်းချုပ်ရေး၊ ဆိုက်ဘာနည်းပညာရှင်များထံမှ နည်းပညာ အထောက်အကူရယူရေး၊ မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပွဲတွင် အသိပညာရှင်များက အဆိုပြုခဲ့ကြပါသည်။

**ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများ**

မဲခေါင်-လန်ချန်းဒေသသည် ပထဝီအနေအထား၊ ရာသီဥတုနှင့် အရင်းအမြစ်များ ကြွယ်ဝကြပြီး ဒေသတွင်းနိုင်ငံအားလုံးသည် စိုက်ပျိုးရေးအား အဓိကအားထားပြီး နိုင်ငံအား တည်ဆောက်ထားကြသဖြင့် စိုက်ပျိုးရေးသည်ဒေသတွင်း စီးပွားရေးတိုးတက်မှု၏ တွန်းအားဖြစ်ပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် စိုက်ပျိုးရေးကို ထိခိုက်ကာ ဒေသတွင်း စီးပွားရေးသာမက ကမ္ဘာ့စီးပွားရေးကိုပါ ရိုက်ခတ်မှုများရှိနေပြီး ကမ္ဘာ့စားနပ်ရိက္ခာ ထောက်ပံ့မှုကွင်းဆက်ကို အနှောင့်အယှက်ပြုလျက် ရှိပါသည်။ သို့ဖြစ်ရာ ဒေသတွင်းနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံများတွင် စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်နေသဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုးရိမ်မကင်း ဖြစ်လာလျက်ရှိပါသည်။

စားနပ်ရိက္ခာလုံခြုံမှု မရှိရခြင်းသည် လူမှုဘဝ ညီမျှမှုမရှိခြင်း၊ အစားအစာဈေးကစားခြင်း၊ သီးနှံမျိုးရင်းများ လျော့ပါးကျဆင်းခြင်း၊ ဇီဝပြုပြင်မှုရှိခြင်းများနှင့် မျိုးဆက်သစ်လယ်သမားများ နေရပ်မှ စွန့်ခွာခြင်းတို့ကြောင့်လည်း ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါ စားနပ်ရိက္ခာဖူလုံရေးပြဿနာများအပြင် ယနေ့အချိန်အခါတွင် လူအများစုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ယခင်ခေတ်လူများထက် ပိုမိုရှုန်းကန်လှုပ်ရှားနေရပြီး အိမ်ထောင်စုတိုင်းနီးပါးတွင် အိမ်ရှိလူအားလုံး အိမ်ပြင်သို့ထွက်၍ အလုပ်လုပ်ကိုင်နေရသဖြင့် နေ့စဉ်ပုံမှန်ချက်ပြုတ်စားသောက်မှု ပုံစံမှာ ကွယ်ပျောက်လာပြီး အလွယ်တကူရရှိသည့် အစားအစာများ၊ အသင့်စား အစားအစာများကို ပိုမိုအားပြုစားသုံးလာကြသည်ကို တွေ့ရှိရသည်။ အသင့်စားဖွယ် ဥပမာ ခေါက်ဆွဲခြောက် စသည်တို့သည် အာဟာရတန်ဖိုး နည်းပါးခြင်းကြောင့် လူများစုသည် အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးနိုင်မှု ကျဆင်းလာလျက် ရှိလာပါသည်။ ထို့အပြင် ပြည်သူများသည် စိုက်ပျိုးသီးနှံထုတ်ကုန် ကျဆင်းမှု၊ ဇီဝပြုပြင်ပြောင်းလဲထားသည့် အသီးအနှံနှင့် အသီးအရွက်များ စားသုံးမှုတို့ကြောင့် အာဟာရခေတ်ချို့တဲ့သည့် နောက်ဆက်တွဲ ပြဿနာများကို ရင်ဆိုင်လာနေကြရပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ပြဿနာရပ်များ လျော့ချနိုင်ရေးအတွက် မဲခေါင်-လန်ချန်း ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ MLC Bumper Harvest projects ကို ၂၀၂၀ ပြည့်နှစ်တွင် မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် Lancang-Mekong Agricultural Cooperation Action Plan ကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

**ဆွေးနွေးပွဲ ဒုတိယပိုင်းမှ လက်တွဲပူးပေါင်းဖြေရှင်းနိုင်ရေး အဆိုပြုချက်များ**

သို့ဖြစ်၍ စားနပ်ရိက္ခာလုံခြုံရေးနှင့် စပ်လျဉ်း၍ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးစေ့များ၊ ခေတ်မီစိုက်ပျိုးရေး ကိရိယာများ အသုံးပြုရန်နှင့် ဓာတ်မြေဩဇာ လျှော့ချရေးအသုံးပြုရေးတို့ ဆောင်ရွက်သင့်ကြောင်းနှင့် ပြည်သူများအားလုံး စားနပ်ရိက္ခာလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့၏ ဆက်စပ်မှုကို နားလည်ပြီး ဒေသတွင်း ပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု လိုအပ်ကြောင်းကို ပြည်သူများအား အသိပညာပေးသင့်ပါကြောင်း ဆွေးနွေးပွဲ၌ အသိပညာရှင်များ အဆိုပြုခဲ့ကြပါသည်။

**နိဂုံး**

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များအနက် အရေးပါသည့် ရေအရင်းအမြစ်ဖြစ်သည့် မဲခေါင်/လန်ချန်း မြစ်တစ်ခုတည်းကို တည်မှီကာ မျှဝေသုံးစွဲလျက်ရှိကြသည့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော နိုင်ငံများအကြား ပိုမိုရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် အတူတကွအဖြေရှာ၍ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးတည်ဆောက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ကျင်းပခဲ့သည့် ဆွေးနွေးပွဲကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ ဆွေးနွေးပွဲ၏ ဆွေးနွေးချက်၊ အကြံပြုချက်များ၊ သုံးသပ်ချက်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ၏ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများအပေါ် အရေးယူတုံ့ပြန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မည်ဆိုပါက ယခုဆွေးနွေးပွဲသည် အမှန်တကယ် အကျိုးရှိစေတော့မည် ဖြစ်ပါသည်။ ။

# ဗန်းမော်မြို့ရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ဗန်းမော် ဩဂုတ် ၂၆**

ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့် အဖွဲ့ဝင်များက ဩဂုတ် ၂၅ ရက်က သွားရောက်ထောက်ပံ့သည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သိမ်မဟာဘုန်းတော်ကြီးကျောင်း၌ ဗန်းမော်မြို့နယ်အတွင်းရှိ ကောင်းတုံကျေးရွာနှင့် ပူးတောင်းကျေးရွာတို့မှ တိမ်းရှောင်လာသော အိမ်ထောင်စု ၄၉ စု၊ လူဦးရေ ၁၆၈ ဦးတို့အား တွေ့ဆုံအားပေးကာ ခေါက်ဆွဲခြောက်များနှင့် ကြက်ဥများကို ထောက်ပံ့ ပေးအပ်သည်။

ဆက်လက်၍ လီဆူ IDPs စခန်း၊ AD 2000 နှစ်ခြင်း ခရစ်ယာန်အသင်းတော် IDPs စခန်းနှင့် ကချင်စုစိန့်ဗရီးဂျစ်ကတ်သလစ်အသင်းတော် IDPs စခန်းများသို့သွားရောက်ပြီး ဗန်းမော်မြို့နယ်အတွင်းရှိ ကောင်းတုံ၊ စင်းခန်း၊ မြလယ်၊ နောင်မို၊ ဖူးတောင်း၊ အောင်သပြေ၊ ကံသာရွာသစ်၊ ရေနီ၊ လက်ပန်းတန်း၊ ကံသာကျေးရွာနှင့် အောင်သာယာကျေးရွာများမှ အိမ်ထောင်စုများကို ထောက်ပံ့မှုများ ဆောင်ရွက်သည်။ ထိုသို့ ထောက်ပံ့ရာတွင် မြို့နယ်အတွင်းရှိ IDPs စခန်းများမှ စုစုပေါင်း ၂၆၈ စု တို့အတွက် ခေါက်ဆွဲခြောက်ထုပ် ၄၀၂၀ နှင့် ကြက်ဥ အလုံး ၂၆၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးအား ၁၈-၈-၂၀၂၂ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ CRI Myanmar သတင်းဌာနမှ တွေ့ဆုံမေးမြန်းခြင်း



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး CRI Myanmar သတင်းဌာနမှ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားစဉ်။

**မေး။ ။ ပြည်ထောင်စုဝန်ကြီးက ကွမ်ကျိုးခရိုင်ရဲ့ တယ်ဟုန်လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်တွေကို သွားရောက်လေ့လာခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် တည်ဆောက်ဖို့အတွက် ဘယ်လိုအတွေးအမြင်တွေ ရှိပါသလဲ။ ပြီးတော့ တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဘယ်လိုအတွေးအခေါ်တွေ ရှိပါသလဲရှင်။**

ဖြေ။ ။ ကျွန်တော်ပြီးခဲ့တဲ့ မေလတုန်းက ယူနန်ကို တစ်ခေါက် ရောက်ပါတယ်။ ဒီရောက်ရင်းနဲ့ ကျွန်တော် တယ်ဟုန်ကိုသွားပြီး တယ်ဟုန်ဒေသမှာ ကျွန်တော်တို့နှစ်နိုင်ငံ လုပ်နေတဲ့ နယ်စပ်ကုန်သွယ်မှုကိစ္စတွေကို သွားရောက်ပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ အဲဒီမှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို တတ်နိုင်သမျှ ဖြေရှင်းပေးခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံက မူဆယ်နဲ့ ရွှေလီမှာ ကျွန်တော်တို့ နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ အဲဒါက နှစ်နိုင်ငံအစိုးရတွေ သဘောတူညီထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားတော့ လုပ်ငန်းတွေက ရွှေ့သိပ်ပြီးတော့ ခရီးမရောက်ခဲ့ဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့က နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံဘက်မှာ လိုအပ်တဲ့ ကော်မတီ၊ ဝန်ကြီးဌာနအသီးသီးက ပုဂ္ဂိုလ်တွေပါတဲ့ ကော်မတီတွေ ကျွန်တော်တို့ဖွဲ့စည်းထားပါတယ်။ အဲဒီကို ကျွန်တော်တို့ကော်မတီက တရုတ်နိုင်ငံက ဖွဲ့ထားတဲ့ကော်မတီနဲ့ ပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်မှာပါ။ အဲဒီတော့ ကျွန်တော်တို့က နှစ်နိုင်ငံ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုတာ တကယ်တမ်းတော့ လွတ်လပ်တဲ့ ကုန်သွယ်မှုဇုန်ကြီး တစ်ခု ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ အဲဒီဟာက နှစ်နိုင်ငံလုံးအတွက် ကုန်သွယ်မှုအတွက်ရော၊ ရင်းနှီးမြှုပ်နှံမှုအတွက်ရော များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း နှစ်နိုင်ငံနယ်စပ်မှာနေတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အများကြီးကောင်းတဲ့ အစီအမံဖြစ်ပါတယ်။ အဲဒီတော့အနာဂတ်မှာ တရုတ်-မြန်မာနှစ်နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက ကျွန်တော်တို့ နယ်စပ်ဒေသစီးပွားရေး လွတ်လပ်စွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်နဲ့ ဆက်စပ်ပြီး အများကြီးတိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အချို့သောအနောက်နိုင်ငံများက Belt & Road အဆိုပြုချက်နာမည်ရှိခြင်းဖြင့် တရုတ်နိုင်ငံပုံရိပ်ကို** နာမည်ပျက်အောင် လုပ်ချင်နေကြပါတယ်။ **Belt & Road အဆိုပြုချက်အပေါ် ဘယ်လိုမြင်ပါသလဲရှင်။ အခုနှစ်က Belt Road အဆိုပြုချက် ကျင်းပခဲ့တဲ့ (၁၀) နှစ်ပြည့်ဖြစ်ပါတယ်။ တရုတ်-မြန်မာ Belt & Road အတူတကွ တည်ဆောက်ရာမှာ ဘယ်လိုထင်ရှားတဲ့ ရလဒ်တွေ ရရှိခဲ့ပါသလဲ။ မြန်မာနိုင်ငံ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုအကျိုးပြုနေပါတယ်လို့ ယူဆပါသလဲရှင်။**

ဖြေ ။ ။ Belt & Road စီမံကိန်းက အင်မတန် ကောင်းမွန်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ Belt & Road နဲ့ ပတ်သက်ပြီး အထူးသဖြင့် တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာတာကို အချို့နိုင်ငံတွေက ပုံရိပ်ပျက်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ Belt & Road အပေါ်မှာ လူတွေ အထင်အမြင်လွဲအောင် လှုံ့ဆော်မှုတွေ လုပ်နေကြတာရှိလာပါတယ်။ သတင်းတွေ၊ မီဒီယာတွေကို အားပြုပြီးတော့ သတင်းတွေ အမျိုးစုံထုတ်ခဲ့တယ်။ အထူးသဖြင့် Belt & Road Initiative က တရုတ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကြွေးမြီထောင်ချောက်ထဲကို ရောက်အောင် တွန်းပို့နေတယ်ဆိုပြီး မဟုတ်မမှန် သတင်းလွှင့်ပါတယ်။ Belt & Road စီမံကိန်းက ဆယ်စုနှစ်၊ လိုအပ်ရင် ရာစုနှစ် ဒီလောက်ထိလုပ်ရမယ့်လုပ်ငန်း ဖြစ်ပါတယ်။ ချက်ချင်းအကျိုးအမြတ်ပေါ်ဖို့မဖြစ်နိုင်ဘူး။ သို့သော်လည်း ချက်ချင်းအကျိုးအမြတ် မပေါ်တာလေးကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို တရုတ်ပြည်ရဲ့ ထောင်ချောက်ကို တွန်းပို့နေတယ်ဆိုပြီး မမှန်မကန် ပြောဆိုနေတာကို တွေ့ရတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း Belt & Road စီမံကိန်းနဲ့ ပတ်သက်ပြီး ပါဝင်ဆောင်ရွက်ဖို့ နှစ်နိုင်ငံအစိုးရ သဘောတူထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Belt & Roadနဲ့ ပတ်သက်ပြီးတော့ အစိုးရက လိုအပ်တဲ့ ကော်မတီဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံက Belt & Road Initiative မိမိနိုင်ငံတော်နဲ့ မိမိနိုင်ငံသားတွေ၊ မြန်မာနိုင်ငံသားတွေအတွက် အကျိုးရှိမယ့်ကိစ္စမျိုးဆိုရင် အားလုံးပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လတ်တလောမှာ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလုပ်နေတာရှိပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက အဓိကကတော့ တရုတ်နိုင်ငံ၊ တယ်ဟုန်-မူဆယ်-ရွှေလီ-မန္တလေးအထိ ရထားလမ်းကတော့ လူလည်းစီးလို့ရမယ်၊ ကုန်တင်လို့ရမယ်။ နောက်တစ်ခါ မန္တလေးကနေပြီးတော့ ကျောက်ဖြူအထိ ရထားလမ်းတစ်လမ်း၊ မန္တလေးမှရန်ကုန်အထိ ရထားလမ်းတစ်ခု၊ ဒီလိုဟာမျိုး ဒီစီမံကိန်းတွေထဲမှာ ပါတယ်။ အဲဒီစီမံကိန်းနဲ့ ဆက်စပ်ပြီး စင်္ကြံတစ်လျှောက် ပြန်လည်ဖွံ့ဖြိုးမှုစီမံကိန်းတွေလည်းပါတယ်။ သို့သော် ဒီစီမံကိန်းက အင်မတန်ကြီးမားတဲ့ စီမံကိန်းကြီး ဖြစ်ပါတယ်။ အဲဒါအတွက် ကျောက်ဖြူစီမံကိန်းက မကြာမီစတင်မယ့်အခြေအနေကို ရောက်နေပါတယ်။ စီမံကိန်းကြီးက တစ်ပြိုင်နက်တည်း သွားမယ်။ မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုအတွက်ရော၊ အလုပ်အကိုင်အတွက်ရော အများကြီး အကျိုးအမြတ်ရရှိမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အထည်ချုပ်စက်မှုလုပ်ငန်းရဲ့ အဓိကအားသာချက်က ဘာတွေဖြစ်မလဲလို့ ထင်ပါသလဲ။ တရုတ်-မြန်မာနှစ်နိုင်ငံ အထည်ချုပ်လုပ်ငန်းက RCEP စတဲ့ ယန္တရားတွေရဲ့ အောက်မှာ တံခါးဖွင့်လျက် ဘယ်လိုအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်နေပါသလဲ။**

ဖြေ။ ။ အထည်ချုပ်လုပ်ငန်းကမြန်မာနိုင်ငံရဲ့ အားသာချက်က နံပါတ်(၁) ကျွန်တော်တို့ဆီမှာ လူငယ်လုပ်သားအင်အား အလုပ်လုပ်နိုင်တဲ့ လူတွေအများကြီးရှိပါတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းထဲမှာ မြန်မာအမျိုးသမီးအများကြီး အလုပ်လုပ်ကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လုံလောက်တဲ့ လုပ်သားအင်အား အများအပြားရှိပါတယ်။ နံပါတ်(၂) အထည်ချုပ်လုပ်ငန်းမှာ လုပ်တဲ့ အမျိုးသမီးတွေအများစုကလည်း အနည်းဆုံး အခြေခံပညာအလယ်တန်း၊ အထက်တန်းလောက်တတ်ကြပါတယ်။ တချို့လည်းဘွဲ့ရတယ်။ ပညာအရည်အချင်းက အတိုင်းအတာတစ်ခုထိ တတ်မြောက်ထားကြပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေက သင်ရပြုရတာ လွယ်ကူတယ်။ ကျွန်တော်မြန်မာနိုင်ငံမှာ အထည်ချုပ်လုပ်ငန်းတွေလုပ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ ခဏခဏတွေ့ဖြစ်ပါတယ်။ တွေ့ဖြစ်တိုင်း ကျွန်တော်မေးတယ်၊ မြန်မာနိုင်ငံက လုပ်သားတွေ ဘယ်လိုနေလဲ၊ သူတို့ပြောတာက မြန်မာနိုင်ငံက လုပ်သားတွေက သင်ရတာ ခဏလေးနဲ့ တတ်တယ်။ ကျန်တဲ့နိုင်ငံတွေမှာ အချိန်ယူရတဲ့ကိစ္စဆို မြန်မာလူမျိုးတွေက ခဏလေးနဲ့ တတ်မြောက်တယ်။ နောက်တစ်ခုက အားလုံးက အလုပ်ကြိုးစားတယ်။ ဒါက မြန်မာနိုင်ငံရဲ့ အားသာချက်ဖြစ်ပါတယ်။ လက်ရှိမှာလည်း မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ ဘာတွေအားသာချက်ရှိလဲဆိုတော့ မြန်မာနိုင်ငံကချုပ်တဲ့ အထည်တွေကို ဥရောပနိုင်ငံကို Duty Free , Quota Free အကောက်ခွန်လည်း ဆောင်စရာမလိုဘူး၊ အရေအတွက်လည်း အကန့်အသတ်မရှိဘူး၊ ကျွန်တော်တို့က ပို့ပေးလို့ရတယ်။ ကျွန်တော်တို့ အထည်ချုပ်ကဏ္ဍမှာ ကြည့်လိုက်ရင် အနောက်နိုင်ငံ ကုမ္ပဏီကြီးတွေက လာရောက်ပြီး ဆောင်ရွက်နေတာ အများကြီးရှိတယ်။ အထူးသဖြင့် ဟောင်ကောင်လည်းလာတယ်၊ ကိုရီးယားလည်းလာတယ်၊ ဂျပန်လည်း လာတယ်၊ တရုတ်နိုင်ငံလည်း လာတယ်။ အခုလည်း ထပ်ပြီးတော့ လုပ်ငန်းတွေ ထပ်မံတိုးချဲ့ပြီး လုပ်နိုင်ဖို့ လျှောက်ထားတာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ဒါက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်တယ်။ နောက်တစ်ခုက RCEP မပေါ်ခင်ကတည်းက အာဆီယံနဲ့ဂျပန်၊ အာဆီယံနဲ့ ကိုရီးယား၊ အာဆီယံနဲ့ တရုတ်၊ အာဆီယံနဲ့ ဩစတြေးလျ၊ နယူးဇီလန်စတဲ့ သဘောတူညီချက်တွေ ရှိထားခဲ့ပြီးသား၊ အဲဒီကတည်းက မြန်မာနိုင်ငံရဲ့ အထည်တွေက အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံတွေကို လွတ်လွတ်လပ်လပ်နဲ့ အရေအတွက်များများစားစား တင်ပို့တာ တွေ့ရပါတယ်။ ကျွန်တော်တို့ အထည်ချုပ်ကဏ္ဍက တော်တော်လေး ကြီးထွားလာတယ်။ မနှစ်က ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရဲ့ အထည်ချုပ်ကနေပြီးတော့မှ နိုင်ငံခြားကိုတင်ပို့တဲ့ တန်ဖိုး ပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၅၀၀၀ လောက် ရှိပါတယ်။ အဲဒီတော့ အထည်ချုပ်ကဏ္ဍအများကြီး အလားအလာကောင်းပါတယ်။

**မေး။ ။ သမ္မတရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆိုပြုချက်ထဲမှာ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးခြင်းကို ဆွဲကိုင်ထားတဲ့ ပြည်သူလူထုဗဟိုပြုခြင်းကို ဆွဲကိုင်ထားခြင်း၊ လူသားနှင့်သဘာဝ သဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်ရေးကို ဆွဲကိုင်ထားခြင်း အဲဒီမှာထည့်သွင်းပြောကြားခဲ့တယ်။ အဆိုပါ ဆွဲကိုင်ထားခြင်းသုံးရပ်အပေါ် ဘယ်လိုယူဆပါသလဲ။ ပြီးတော့ တရုတ်နိုင်ငံက အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းမှာ ဆောင်ရွက်ချက်တွေအပေါ် ဘယ်လိုယူဆပါသလဲ။ မြန်မာနိုင်ငံအနာဂတ် ဖွံ့ဖြိုးတိုးတက်ရာမှာ ပတ်ဝန်းကျင်မထိခိုက်ဖို့ ဘယ်လိုဆောင်ရွက်ချက်တွေ ရှိပါသလဲ။**

ဖြေ။ ။ ပထမဆုံး သမ္မတကြီးရှီကျင့်ဖျင် ရဲ့ Global Development Initiative ဒါလည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတွေတော်တော်များများ လက်ခံထားတဲ့ အလွန်ကောင်းတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တစ်ခုတည်းမကြည့်ဘဲ အားလုံးမျှမျှတတ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဟာ အင်မတန် ကျယ်ပြန့်ပြီး အမြော်အမြင်ရှိတဲ့ အစီအစဉ်တစ်ခုလို့ ကျွန်တော်မြင်ပါတယ်။

Global Development Initiative ဟာ တစ်ကမ္ဘာလုံးအတွက် သမ္မတကြီးရှီကျင့်ဖျင်ရဲ့ အမြော်အမြင်ကြီးမားမှု တစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါဟာ အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူလူထုဗဟိုပြုတဲ့ အစီအစဉ်ဟာ နိုင်ငံတိုင်းက မဖြစ်မနေ ထည့်သွင်းစဉ်းစားရမယ့် အစီအစဉ်ဖြစ်ပါတယ်။ အခု ၂၁ ရာစုဆိုရင် ပြည်သူလူထုရဲ့အခန်းကဏ္ဍဟာ ပိုပြီးအရေးကြီးလာပါတယ်။ အရေးကြီးလာတော့ ပြည်သူလူထုကို ဦးစားပေးပြီး၊ ဗဟိုပြုပြီးတော့ စဉ်းစားတာဟာ အင်မတန်ကောင်းပါတယ်။ နောက် သဘာဝပတ်ဝန်းကျင်ကို လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာက ဂရုမစိုက်ခဲ့တဲ့အတွက် အဲဒီအကျိုးဆက်တွေဟာ ဒီနေ့မှာ ရာသီဥတုဖောက်ပြန်တာတွေ၊ ရာသီဥတုပြောင်းလဲတာတွေ ဒါတွေရဲ့ အကျိုးဆက်တွေ အများကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ သဘာဝပတ်ဝန်းကျင်နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျှမျှတတဆောင်ရွက်တာ အင်မတန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ တရုတ်နိုင်ငံရောက်တဲ့အခါ နေရာတိုင်း သွားကြည့်လိုက်ရင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် တရုတ်အစိုးရက ကြိုးစားလုပ်ဆောင်နေတာ တွေ့ရတာ အများကြီး နမူနာယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း သဘာဝပတ်ဝန်းကျင်ကို ဦးစားပေးတဲ့ အစီအစဉ်တစ်ခုအနေနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ စက်ရုံတွေ တည်ဆောက်တဲ့အခါ လူနေအဆောက်အဦတွေ၊ ကုန်တိုက်တွေ၊ ဟိုတယ်တွေ စသဖြင့် တည်ဆောက်တဲ့အခါမှာ

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၆**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၂)ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနယ်စပ်ကုန်သွယ်ရေးစခန်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာလာအိုသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ရှေးရာစုနှစ်များစွာကပင် ချစ်ခင်ရင်းနှီးခဲ့ကြသော နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများအနေဖြင့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာဘာသာလည်း တူညီကြကြောင်း၊ နှစ်နိုင်ငံအကြား မဲခေါင်မြစ် ပိုင်းခြားထားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးခဲ့ခြင်းမရှိသော်လည်း မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်နိုင်ခဲ့ပြီးဖြစ်၍ သဘာဝအတားအဆီးကို ကျော်လွန်နိုင်ခဲ့ကာ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကို အခြေပြု၍ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်ရန် ယခင်က ယာယီဖွင့်လှစ်ခဲ့သည့် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ကုန်သွယ်ရေးစခန်း အင်္ဂါရပ်များနှင့် ညီညွတ်သော စခန်းတစ်ခုဖြစ်လာစေရန် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ စခန်းရုံးအဆောက်အအုံများ တည်ဆောက်ရေးအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေမှ ထောက်ပံ့ကူညီပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း၊ ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်လာမည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးက ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ကုန်သွယ်ရေးစခန်းကို လှည့်လည်ကြည့်ရှုကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်သည် အသင်းအဖွဲ့များ၊ လာအိုနိုင်ငံမှ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်နယ်စပ်ကုန်သည်အသင်းတို့၏ ဒေသထွက်ကုန်များ ခင်းကျင်းပြသမှုတို့ကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မဲခေါင်မြစ်ကူး မြန်မာ- လာအို ချစ်ကြည်ရေးတံတားကို သွားရောက်လေ့လာကြပြီး တာချီလိတ်မြို့ မယ်ယန်းရပ်ကွက်ရှိ ကုန်သွယ်ရေးစခန်းသို့သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပို့ကုန်မြှင့်တင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

# မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှ ထိရောက်အောင်မြင်နိုင်မည်

**နေပြည်တော် ဩဂုတ် ၂၆**

သက်တမ်းတို အထွက်ကောင်း စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်မှ နောက်သီးနှံများ စိုက်ပျိုး ထုတ်လုပ်မှုအတွက် အချိန်လုံလောက်စွာ ရရှိနိုင်မည်ဖြစ်၍ သီးထပ်စွမ်းအား တိုးတက်ရေးဆောင်ရွက်ရာတွင် မျိုးစေ့ကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊



မျိုးစေ့ထုတ် လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ဒိုက်ဦးမြို့နယ်ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း စံပြမျိုးထုတ်ရွာများ တည်ထောင်၍ မိုလ်ဘိုင်း မျိုးစေ့သန့်စင်စက်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ မြေဆီလွှာကျန်းမာရေးကို စောင့်ရှောက်နိုင်မည့် စံပြကျေးရွာနှင့် ဒစ်ဂျစ်တယ်နည်းပညာစံပြကျေးရွာများ ပေါ်ထွန်းလာရေး ဆောင်ရွက်သွားမည်ဖြစ်၍ ဒေသခံတောင်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လယ်ယာကဏ္ဍတစ်ခုလုံး သိသာစွာ ပြောင်းလဲ တိုးတက်လာစေရေးအတွက် ကျရာကဏ္ဍများက ကြိုးပမ်းအကောင်အထည်ဖော် စွမ်းဆောင်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာဝန်ရှိသူများက မိဘမျိုးစေ့ပွားများခြင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဝေါမြို့နယ် ကျိုက်လုကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့ ငွေဗျိုင်းဖြူကုမ္ပဏီတွင်ကျင်းပသည့်တောင်သူများကိုယ်တိုင် ပါဝင်သော သီးနှံမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်အားပေးပြီး သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဥပဒေအရ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်တွေကို မဖြစ်မနေလုပ်ရမယ်လို့ ဥပဒေအရပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အရေးကြီးတဲ့ကဏ္ဍတစ်ရပ်အနေနဲ့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်နေတဲ့လုပ်ငန်းစဉ်တွေနဲ့ သမ္မတကြီးရှီကျင့်ဖျင်ရဲ့ Global Development Initiative နဲ့ အတော်လေး သဟဇာတဖြစ်ပါတယ်။

**မေး။ ။ (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံဟာ အဓိကဧည့်သည်တော်နိုင်ငံအနေနဲ့ ဘာတွေပြင်ဆင်မှုလုပ်ခဲ့သလဲ၊ ကမ္ဘာကြီးဆီကို မြန်မာနိုင်ငံရဲ့ စွမ်းဆောင်မှုကို ဘယ်လိုပြသတင်ဆက်ထားပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့က တရုတ် - တောင်အာရှ ကုန်စည်ပြပွဲမှာ နှစ်စဉ် ပါဝင်ပြသပါတယ်။ ဟိုးအရင် ကူမင်း ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲမှာလည်း နှစ်တိုင်း မြန်မာနိုင်ငံက ပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ မေလက လာတဲ့အခါမှာ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးနဲ့ နေ့လယ်စာ အတူသုံးဆောင်တဲ့အခါမှာ ဒီနှစ်မှာ မြန်မာနိုင်ငံကို ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ရွေးချယ်ထားတယ်ဆိုတာကိုလည်း သတင်းကောင်းလေး ပြောလိုက်ပါတယ်။ မြန်မာနိုင်ငံကလည်း ဒီဟာအတွက်သေချာလေးကို ပြင်ဆင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကုန်စည်တစ်ခုတည်း ပြသရုံသာမကဘဲ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ မြန်မာလူမျိုးတွေရဲ့ ဖော်ရွေမှု၊ မြန်မာလူမျိုးတွေရဲ့ မိမိစားသုံးသူပေါ်မှာ စေတနာထားမှု ဒါတွေအားလုံး ပေါင်းစပ်ပြီးတော့ ပြင်ဆင်ပါတယ်။ ပါဝင်ပြသတဲ့ ပုဂ္ဂိုလ်တွေလည်း ၁၂၀ ကျော် လောက်ရှိပြီး တော်တော်လေးများပါတယ်။ ကျွန်တော်တို့ဘက်က ပါဝင်ပြသသူတွေအပြင် သက်ဆိုင်ရာ ဌာနတွေကအရာရှိတွေလည်း အများကြီးပါပါတယ်။ ကိုယ့်ကဏ္ဍအလိုက်၊ ကဏ္ဍအလိုက် လုပ်ကြပါတယ်။ ကျွန်တော့်ဝန်ကြီးဌာနကလည်း အရာရှိတွေ အများကြီးပါတယ်။ နောက်ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ဖျော်ဖြေတဲ့အဖွဲ့၊ ရိုးရာအက ကတဲ့အဖွဲ့တွေ၊ အနုပညာရှင်တွေက ယဉ်ကျေးမှုအကပဒေသာများကို နေ့စဉ် ကပြဖျော်ဖြေပေးပါတယ်။ (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ ကျွန်တော်တို့ ပါဝင်ခွင့်ရတာ ဂုဏ်ယူပါတယ်။ နောက်နှစ်တွေမှာလည်း ဆက်လက်ပါဝင်မှာဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ မြန်မာထုတ်ကုန်တွေနဲ့ ခရီးသွားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းတွေကို ပိုပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "စအိုလာ"(Saola) သည် တောင်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံတကာအနုပညာဇဟိုဌာန(မန္တလေး) အဆောက်အအုံလက်ခံရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး ဩဂုတ် ၂၆**

နိုင်ငံတကာအနုပညာဇဟိုဌာန(မန္တလေး) အဆောက်အအုံ လက်ခံရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတကာအနုပညာဇဟိုဌာန(မန္တလေး) အဆောက်အအုံလက်ခံရေးအဖွဲ့ဝင်များ၊ အရည်အသွေး စံချိန်စံညွှန်း စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သဘောတူစာချုပ်ပါလုပ်ငန်းများ စိစစ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတကာအနုပညာဇဟိုဌာန (မန္တလေး) အဆောက်အအုံ လက်ခံရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတကာ အနုပညာဇဟိုဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ခုစီဆောက်လုပ်ခဲ့ရာ အကြမ်းထည်များ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ဆဲရန်ကုန်မြို့မှ အဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လည်းကောင်း၊ မန္တလေးမြို့မှ အဆောက်အအုံကို ပြန်ကြားရေးဝန်ကြီးဌာနက လည်းကောင်း လက်ခံရယူပြီး ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံရာတွင် အရည်အသွေး စံချိန်စံညွှန်း စိစစ်ရေးအဖွဲ့အနေဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံ၏ ဒီဇိုင်း၊ အတိုင်းအတာနှင့် အသုံးပြုထားသည့် ဆောက်လုပ်ရေးပစ္စည်းများသည် မူလစာချုပ်ပါ ဒီဇိုင်းနှင့် လျာထားချက်ငွေများအတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများအတိုင်း တည်ဆောက်ထားခြင်း ရှိ/မရှိ လက်ခံရန်လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးစိစစ်ရေးအဖွဲ့ အဆင့်ဆင့် စစ်ဆေးဆောင်ရွက်ထားမှု ရှိ/မရှိ စိစစ်ပေးကြရန် ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သဘောတူစာချုပ်ပါလုပ်ငန်းများ စိစစ်ရေးအဖွဲ့အနေဖြင့် သဘောတူစာချုပ်ပါ စည်းကမ်းများအတိုင်း ငွေပေးချေထားမှုအခြေအနေများ ထုတ်ယူရရှိသည့် ငွေကြေးများနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီက နိုင်ငံတော်သို့ အခွန်ပေးဆောင်မှု အခြေအနေလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးမှု ရှိ/မရှိ၊ ပြီးစီးမှုမရှိပါက မည်သည့်အကြောင်းကြောင်းကြောင့် ကြန့်ကြာမှုရှိခဲ့သည်တို့ကို စိစစ်ပေးကြစေလိုပါကြောင်း၊ ၎င်းစိစစ်မှုများပြီးစီးမှသာ အဆောက်အအုံကို အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်မည်ဖြစ်ပါကြောင်း၊ လွှဲပြောင်းလက်ခံပြီး အဆောက်အအုံပြီးစီးအောင် ဆက်လက်ဆောက်လုပ်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ စိစစ်ရေးအဖွဲ့များအနေဖြင့် တိတိကျကျ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် စိစစ်ပေးကြစေလိုပါကြောင်းနှင့် လက်ခံပြီးပါက တည်ဆောက်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ အတွင်းရေးမှူး ဦးအေးကြွယ်တို့က ဆက်လက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အအုံ လက်ခံရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းပေါ်ရှိ နိုင်ငံတကာအနုပညာဇဟိုဌာန(မန္တလေး) အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စားသုံးဆီဈေးနှုန်းတည်ငြိမ်ရေး ကုန်သည်စက်မှုအသင်းချုပ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

စားသုံးဆီဈေးနှုန်း တည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက် နံနက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများ၊ စားသုံးဆီသိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး စားသုံးဆီများ ဈေးကွက်အတွင်း စီးဆင်းမှုမှန်ကန်စေရေး၊ ဈေးနှုန်းတည်ငြိမ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(အောက်ဝဲပုံ)**



ဆွေးနွေးပွဲတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် လတ်တလောကာလတွင် အခြေခံစားသောက်ကုန်များဆန်၊ စားသုံးဆီဈေးနှုန်းများ ဈေးကွက်အတွင်း ပုံမှန်စီးဆင်းဖြန့်ဖြူးနိုင်ရေး၊ အများပြည်သူအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်း ဖြစ်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ညီနောင် အသင်းအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထူးသဖြင့် ယခုရက်ပိုင်းများအတွင်း စားသုံးဆီဈေးနှုန်းများ လွန်ကဲစွာမြင့်တက်မှုရှိနေသည့်အပေါ် တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် အပြန်အလှန်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှသာ လက်ရှိဈေးနှုန်း လွန်ကဲစွာ မြင့်မားနေခြင်းကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ အများပြည်သူ ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်မည့် ကိစ္စရပ်ဖြစ်နေပါသဖြင့် ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် တာဝန်ရှိသူများက စားသုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းပြီး ဈေးကွက်အတွင်း မပြတ်လပ်စေရေး အစီအမံများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသော စားသုံးဆီကုမ္ပဏီများမှ ဈေးနှုန်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုမ္ပဏီများအနေဖြင့် ဈေးကွက်အတွင်း ရည်ညွှန်းဈေးများဖြင့် ရောင်းချမည့် အစီအမံ၊ လက်လီပြန်လည်ရောင်းချသူများအနေဖြင့် ကုမ္ပဏီကရောင်းချသည့် စားသုံးဆီများအပေါ် အခွင့်အရေးတစ်ရပ်ယူ၍ ဈေးနှုန်းတင်ရောင်းချခြင်း မပြုရန် အသင်းမှစနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ရေး၊ နေ့စဉ်ဈေးကွက်သတင်းကို တာဝန်ယူစုံစမ်းရေး၊ ကုန်သည်စက်မှုအသင်းချုပ်အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြောင်း သိရသည်။ **မျိုးမင်းသူရ**

*❖ ကျောဖုံးမှ*

ပြည်သူတွေအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အခြေခံရည်ညွှန်းဈေးအပေါ် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးနေတာဖြစ်ပါတယ်။ နေပြည်တော် မြို့မဈေးပွဲရုံတန်းမှာရှိတဲ့ အိမ်ရှင်မ ဆန်၊ ဆီ လက်လီ/လက်ကားဖြန့်ချိရေးဆိုင်နဲ့ သုခတော်ဝင်အိမ်ရာမှာရှိတဲ့ ဆိုင်ခွဲမှာလည်း စားသုံးဆီ တစ်ပိဿာ ငွေကျပ် ၄၄၅၀ နှုန်းနဲ့ စားသုံးဆီပိဿာချိန် ၃၃၀၀ ကို ရောင်းချပေးနေတာ ဖြစ်ပါတယ်။ စားသုံးဆီတွေကို ဒီနေ့မှာ ရောင်းချလို့မကုန်ရင် နောက်နေ့တွေမှာ ဆက်ပြီးတော့ ရောင်းချပေးသွားမှာပါ။ ဒါ့အပြင် စားသုံးဆီတွေသာမကဘဲ ဆန်တွေကိုလည်း ကုမ္ပဏီတွေကနေ သက်သာတဲ့ဈေးနှုန်း ရရှိခဲ့ရင် စားသုံးသူပြည်သူတွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးသွားမယ်ဆိုတာ အသိပေးချင်ပါတယ် ” ဟု အိမ်ရှင်မ ဆန်၊ ဆီ လက်လီ/ လက်ကားဖြန့်ချိရေး ဆိုင်ရှင် ဦးအောင်ကိုထက်က ပြောသည်။

ထိုသို့ ရောင်းချနေမှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စားသုံးသူပြည်သူများ စားသုံးဆီများကို အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး၊ အလေးချိန်ပြည့်ဝမှန်ကန်မှုရှိစေရေးနှင့် စားသုံးဆီဝယ်ယူရာတွင် စနစ်တကျရှိစေရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“မြို့မဈေးကနေ ဈေးဝယ်ပြီး ပြန်လာတော့ လူတွေတန်းစီပြီး ဆီတစ်ပိဿာကို ၄၄၅၀ နှုန်းနဲ့ ရောင်းပေးနေတာတွေ့လို့ ဝင်ရောက်ဝယ်ယူတာပါ။ ဈေးထဲကကုန်စုံဆိုင်တွေမှာ စားသုံးဆီတစ်ပိဿာကို ၁၀၀၀၀ ကျော်နဲ့ ရောင်းနေတဲ့အချိန်မှာ အခုလိုသက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းပေးတဲ့အတွက် စားသုံးသူပြည်သူတစ်ယောက်အနေနဲ့ အလွန်ဝမ်းသာတယ်။ အခုလိုစားသုံးဆီကို သက်သာတဲ့ ဈေးနှုန်းနဲ့ မကြာခဏရောင်းပေးမယ်ဆိုရင် စားသုံးသူပြည်သူတွေ ဆီအတွက်ကတော့ အဆင်ပြေသွားမယ်ထင်ပါတယ်။ တစ်ဦးကို တစ်ပိဿာနှုန်းနဲ့ရောင်းချပေးတဲ့အခါ မိသားစုနည်းတဲ့သူတွေအတွက်သာမက မိသားစုများတဲ့သူတွေအတွက်ပါ အဆင်ပြေပါတယ်။ စားသုံးဆီတွေအပြင် အဓိကစားသုံးကုန်ဖြစ်တဲ့ ဆန်နဲ့ အခြားအခြေခံစားသောက်ကုန်တွေကိုလည်း အခုလိုသက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးစေချင်ပါတယ်” ဟု မြို့မဈေးပွဲရုံတန်း (ပ/၁၈၆) မှ စားသုံးဆီလာရောက် ဝယ်ယူသူ ဒေါ်ကြည်ပြာက ပြောသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများအတွက် နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ဈေးများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်များနှင့် ကျေးရွာများသို့ ဈေးကားများဖြင့် လက်ဝယ်အရောက် စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ နှုန်းဖြင့် အလှည့်ကျ လှည့်လည်ရောင်းချပေးလျက်ရှိကြောင်းနှင့် ကျန်ရှိသည့်ဈေးများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်များနှင့် ကျေးရွာများကိုလည်း သက်သာသောဈေးနှုန်းဖြင့် ထပ်မံ၍ လှည့်လည် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး (သတင်းစဉ်)**

# လဟယ်မြို့၌ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲကျင်းပ

**လဟယ် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ စိုက်ပျိုးရေးဦးစီးဌာနမှကျင်းပသော သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းသရုပ်ပြပွဲကို ဩဂုတ် ၂၄ ရက်က လဟယ်မြို့ အထကကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသ၊ ဒေသစိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထွန်းတင်က သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဝန်ထမ်းများက သဘာဝအမြေဩဇာ ပြုလုပ်သုံးစွဲနည်းအဆင့်တစ်မှ အဆင့်ရှစ်အထိ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခြင်းပြုလုပ်သည်။ အဆိုပါသရုပ်ပြပွဲတွင် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးနေမင်းသူနှင့် အဖွဲ့ဝင်များ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသစိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထွန်းတင်နှင့် ရုံးဝန်ထမ်းများ၊ လဟယ်မြို့ပေါ်ရှိ တောင်သူများ၊ အထက်တန်းအဆင့်စိုက်ပျိုးရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက ကွင်းသရုပ်ပြသခြင်းကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ ၊ ကိုယ်ပွား)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၆**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မိုင်းစံမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး

**မိုင်းစံ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့၌ မိုင်းရှူးမြို့နယ် ရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကိုယနေ့နံနက်၉နာရီခွဲက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ရဲမှူးကျော်လင်းက ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဟောပြောသည်။ အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာများ၊ ကွမ်းစားခြင်း၏ဆိုးကျိုးများ၊ ကလေးသူငယ်များမစားသုံးသင့်သည့် အစားအစာများ အသိပညာပေး ဓာတ်ပုံပြပွဲနှင့်နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မိုင်းစံ(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ကျောင်းသား၊ လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က ရွာမ အထက(၆) ပညာတံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဘိုကြည်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ရန်မိုးအောင်(အင်းစိန်)က "ကြုံသလို ကြင်နာပါ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးတို့က "လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ခေါင်းဆောင်မှု၊ လူငယ်နှင့် ကျန်းမာရေး" စသည့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## Junior World Challenge 2023 ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် ၂၆ နေရာရရှိ

**ရန်ကုန် ဩဂုတ် ၂၆**

ဂျပန်နိုင်ငံ ချီဘားမြို့၌ ကျင်းပလျက်ရှိသည့် (၁၁) ကြိမ်မြောက် U-12 Junior World Challenge 2023 ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်က ဆက်လက်ပြုလုပ်ရာ မြန်မာ ယူ-၁၂ အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အဆင့် ၂၆ နေရာ ရရှိခဲ့သည်။

မြန်မာအသင်းသည် အဆင့် ၂၅/၂၆ နေရာလုပွဲအဖြစ် ဂျပန်ကလပ် ဆန်ဂါတိုဆု ယူ-၁၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သဖြင့် အဆင့် ၂၆ နေရာဖြင့် ကျေနပ်ခဲ့ရသည်။ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဩဂုတ် ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆင့်သတ်မှတ်ချက်ပွဲစဉ်များတွင် မြန်မာ ယူ-၁၂ အသင်းသည် ဂျပန်ကလပ် တိုကျိုဗာဒီ ယူ-၁၂ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဆန်ဂါတိုဆုအသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် ဥရောပထိပ်သီးကလပ်များ၏ လူငယ်များအပါအဝင် အာရှဒေသတွင်းမှ လူငယ်အသင်းများ ပါဝင်ယှဉ်ပြိုင်သည့် U-12 Junior World Challenge 2023 ပြိုင်ပွဲတွင် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# အွန်လိုင်းလိမ်လည်သူများဖော်ထုတ်ရာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် သံသယရှိသူများအား ဖမ်းဆီးရမိကာ တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၆**

အင်တာနက်အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုကျူးလွန်သည်ဟု သံသယရှိသူငါးဦးကို ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရုတ်ရဲတပ်ဖွဲ့ထံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ ယခုအချိန်အထိ ဆက်သွယ်ရေးလိမ်လည်မှုဖြင့် သံသယရှိသူ တရုတ်နိုင်ငံသား ၂၄ ဦးအား မြန်မာနိုင်ငံမှ လေးရက်အတွင်း တရုတ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ယခုလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၊ မြန်မာရဲတပ်ဖွဲ့ဌာနချုပ်၊ ထိုင်းရဲတပ်ဖွဲ့ဌာနချုပ်၊ လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ လောင်းကစားလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှု၊ တရားမဝင်ဖမ်းဆီးချုပ်နှောင်မှု အစရှိသည့် ရာဇဝတ်ပြစ်မှုများကို လက်တွဲတိုက်ဖျက်ရေး အစည်းအဝေးကို ပူးတွဲကျင်းပခဲ့ကြပြီး အစည်းအဝေးအတွင်း လောင်းကစားလိမ်လည်မှု ပျံ့နှံ့နေသော ဒေသများတွင် ပူးပေါင်းဆောင်ရွက်ရေးနေရာများ တည်ထောင်ခြင်းဖြင့် ပိုမိုနီးကပ်စွာပူးပေါင်း၍ တယ်လီကွန်းနှင့် အင်တာနက်လိမ်လည်မှု လောင်းကစားရာဇဝတ်မှုများကိုပြင်းထန်စွာ တိုက်ဖျက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။



ထို့အတူ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်သည် မြန်မာနိုင်ငံအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို တိုက်ဖျက်ရန်အတွက် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများကလည်း လိမ်လည်မှုနှင့် လောင်းကစားရာဇဝတ်မှုများကို တိုက်ဖျက်ရာ၌ ပြတ်ပြတ်သားသားရပ်တည်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့်အတူ နောက်ဆက်တွဲ နှိမ်နင်းမှုများကို ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့သည်။

"တယ်လီကွန်းနဲ့ အင်တာနက်ကနေ လိမ်လည်သူတွေဟာ လစာကောင်းတွေပေးပြီး အလုပ်သမားတွေ ခန့်ထားကြသလို ခြိမ်းခြောက်ခိုင်းစေတာ၊ အကြမ်းဖက်တာနဲ့ လူကုန်ကူးတာတွေစတဲ့ ဒုစရိုက်ကွင်းဆက်တွေကိုလည်း လုပ်ခဲ့ကြပါတယ်။ လိမ်လည်သူတွေဟာ ဂိုဏ်းဖွဲ့ပြီး Block Chain, Metaverse, Cryptocurrency တွေနဲ့ AI နည်းပညာတွေကိုပေါင်းစပ်ပြီး နည်းပညာအသုံးပြုမှုတွေကို အဆက်မပြတ်မြှင့်တင်နေကြတယ်။ ငွေကြေးလိမ်လည်မှုပမာဏများပြားသလို လိမ်လည်တဲ့နည်းလမ်းတွေမှာ ခြိမ်းခြောက်တာနဲ့ ရက်စက်ကြမ်းကြုတ်တာတွေကိုလည်း လုပ်ဆောင်လျက်ရှိတယ်"ဟု တရုတ်မီဒီယာတစ်ခုဖြစ်သည့် China Radio International မြန်မာပိုင်းအစီအစဉ်တွင် သုံးသပ်ဖော်ပြထားသည်။

တရုတ်နိုင်ငံအတွင်း တယ်လီကွန်းလိမ်လည်မှုများကို အိမ်နီးချင်းနိုင်ငံများမှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းနှိမ်နင်းခဲ့ရာတွင် ၂၀၁၆ ခုနှစ်ကထိုင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ ကွမ်ကျိုးပြည်သူ့လုံခြုံရေးဌာနသည် အကြီးစားနိုင်ငံကူး တယ်လီကွန်းလိမ်လည်မှု 6.26 ကို နှိမ်နင်းခဲ့ဖူးသည်။ အဆိုပါလူလိမ်ဂိုဏ်းမှာ သုံးလအတွင်း တရုတ်နိုင်ငံအတွင်း တယ်လီဖုန်းလိမ်လည်ခေါ်ဆိုမှု ၂ ဒသမ ၄သန်းကျော် ပြုလုပ်ခဲ့ပြီး တရုတ်ပြည်နယ်အသီးသီးတွင် အမှုပေါင်း ၃၀၀ ကျော်ကျူးလွန်ခဲ့ရာ လိမ်လည်ငွေ ယွမ် သန်း ၃၀ ကျော်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ရှန်ဟိုင်းရဲတပ်ဖွဲ့သည် ထိုင်းနိုင်ငံဥပဒေဌာနနှင့် ပူးပေါင်း၍ သံသယရှိသူ ၅၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ယွမ်သန်း၁၃၀ကျော်ပြန်လည်ရရှိခဲ့ဖူးသည်။

နှစ်နိုင်ငံမှ ပြည်သူများအနေဖြင့် အွန်လိုင်းမှ မိတ်ဆွေဖွဲ့ခြင်းများကို သတိထားကြရန်၊ အကျိုးအမြတ်များစွာ ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဟူသည့် ဆွဲဆောင်မှုများနှင့် လောင်းကစားဆော့ဖ်ဝဲများ၊ အက်ပလီကေးရှင်းများ၊ ဝက်ဘ်ဆိုက်များကို မယုံကြည်ဘဲ လိမ်လည်မှုမခံရစေရန်လည်း သတိပေးထားကြောင်း သိရှိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ- တရုတ်သံရုံး**

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ရထားတွဲ မီးလောင်ရာ ကိုးဦးသေဆုံးပြီး ၅၀ ဒဏ်ရာရ

**နယူးဒေလီ ဩဂုတ် ၂၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်နာဒူပြည်နယ်၌ ဩဂုတ် ၂၆ ရက်က ရထားတွဲတစ်စင်း ဓာတ်ငွေ့အိုး ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ ကိုးဦး ထက်မနည်းသေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ပြည်နယ်အတွင်း မာဒူရိုင်းဘူတာရုံအနီးတွင် ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအားလုံးမှာ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မှ လာကြသည့် ဘုရားဖူးများဖြစ်ကြသည်။

အဆိုပါရထား၏ အထူးတန်း သီးသန့်တွဲမှာ ဩဂုတ် ၂၆ ရက်က ဥတ္တရာပရာဒေ့ရှ်မှရောက်ရှိလာခြင်းဖြစ်ပြီး ဘူတာရုံအနီးတွင် ရပ်နားထားသည်။ အယ်လ်ပီဂျီဓာတ်ငွေ့အိုးကို ရထားတွဲအတွင်း တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ပြီး အဆိုပါ ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့ခြင်း ဖြစ်သည်ဟု တောင်ပိုင်းပြည်နယ် မီးရထားဌာနမှ အကြီးအကဲတစ်ဦးက ပြောသည်။

သီးသန့်တွဲအတွင်းလိုက်ပါလာသည့် ခရီးသည်များသည် ဓာတ်ငွေ့အိုးကို တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ပြီး ယင်းကြောင့် မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်နေသည်ကို သတိပြုမိသည့် ခရီးသည်များသည် ရထားတွဲအတွင်းမှ ထွက်ပြေးခဲ့ကြသည်ဟု တောင်ပိုင်းမီးရထားဌာနမှ ကြေညာချက် ထုတ်ပြန်သည်။

**ဆင်ဟွာ**



ရထားတွဲ မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

# လဆင်းယာဉ်၏ အလုပ်လုပ်နေပုံများကို အိန္ဒိယထုတ်ပြန်

**နယူးဒေလီ ဩဂုတ် ၂၆**

လမျက်နှာပြင်ပေါ်တွင် လဆင်းယာဉ်၏ အလုပ်လုပ်ပုံကို အိန္ဒိယ အာကာသအေဂျင်စီမှ အရာရှိများက ထုတ်ဖော်ပြသခဲ့သည်။

**စတုတ္ထမြောက် နိုင်ငံဖြစ်လာ**

ချန်ဒရာယန်း-၃ မှာ ဩဂုတ် ၂၃ ရက်က လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် လပေါ်သို့ လူမဲ့အာကာသယာဉ် ဆင်းသက်နိုင်သည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာခဲ့သည်။ လဆင်းယာဉ် ဖြည်းညင်းစွာ ဆင်းသက်လာသည့် ဗီဒီယိုဖိုင်ကို အိန္ဒိယ အာကာသ သုတေသနအဖွဲ့အစည်းက ဩဂုတ် ၂၅ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။

**၈ မီတာအထိ သွားလာခဲ့**

လဆင်းယာဉ်သည် ၈ မီတာ အထိ သွားလာပြီးဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ချန်ဒရာယန်း-၃ မှာ လ၏တောင်ဝင်ရိုးစွန်းအနီးတွင် ပထမဆုံး ဆင်းသက်သည့် အာကာသယာဉ်ဖြစ်ပြီး မြေမျက်နှာပြင် မညီညာမှုပြဿနာစိန်ခေါ်မှုများ ရှိသည့်နေရာလည်းဖြစ်သည်။

အဆိုပါနေရာတွင် ရေခဲများ ရှိမည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။ လပေါ်ရှိ ကျောက်များ ဒြပ်စင်ဖွဲ့စည်းမှုအတွက် အချက်အလက်များ ကောက်ယူ စုဆောင်းရန်လည်း အိန္ဒိယက စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အလက်ပိုမြို့၌ သူပုန်ခုနစ်ဦးကို ဆီးရီးယားတပ်မတော်က ရှင်းလင်း

**ဒမတ်စကတ် ဩဂုတ် ၂၆**

ဆီးရီးယားနိုင်ငံ အလက်ပိုပြည်နယ် မြောက်ပိုင်း၌ ဩဂုတ် ၂၅ ရက်က ဆီးရီးယားတပ်မတော်က ဟာရတ်တက်ရီရာအယ်လ်ရှမ် (အိတ်ချ်တီအက်စ်) သူပုန်အဖွဲ့၏ အဖွဲ့ဝင်ခုနစ်ဦးကို ရှင်းလင်းခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက ဖော်ပြထားသည်။

တပ်မတော်က အလက်ပို၏ ကျေးလက်ဒေသ အနောက်ပိုင်း၌ အိတ်ချ်တီအက်စ်၏ ယာဉ်နှစ်စီးကို တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွခုနစ်ဦးသေဆုံးပြီး အခြားအများအပြား ဒဏ်ရာရရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

စစ်သွေးကြွအချို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသဖြင့် သေဆုံးသူအရေအတွက်မှာ တိုးလာဖွယ်ရှိကြောင်း ယူကေအခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ တနင်္လာနေ့က ဆီးရီးယားတပ်ဖွဲ့က အဒ်လက်နှင့် ဟာမာပြည်နယ်အနောက်မြောက်ပိုင်း၌ အိတ်ချ်တီအက်စ်က ပစ်လွှတ်သည့် လက်နက်တပ်ဆင်ထားသော ဒရုန်းသုံးစင်းကို ကြားဖြတ်တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်း အေဂျင်စီ ဆာနာက ဖော်ပြထားသည်။

**ဆင်ဟွာ**




နိုင်ငံတကာအာကာသစခန်းသို့ လိုက်ပါသွားသော အာကာသယာဉ်မှူးများကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံ မီရှီဂန်ပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ငါးဦးသေဆုံး

**ချီကာဂို ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း မီရှီဂန်ပြည်နယ်ရှိ ဒေသငါးခုတွင် ဩဂုတ် ၂၄ ရက်ညက ပြင်းထန်သည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ငါးဦးအထိတိုးလာပြီး နေရာအနှံ့ပျက်စီးမှုများဖြစ်ပေါ်ခြင်းနှင့် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

ပြည်နယ်၏မြို့တော် လန်စီ၌ ဩဂုတ် ၂၄ ရက်ညက လေတိုက်နှုန်း တစ်နာရီလျှင် ၁၂၄ မိုင်အထိ တိုက်ခတ်သည့် လေဆင်နှာမောင်းကြောင့် အသက် ၈၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးသေဆုံးပြီး အခြားသုံးဦးမှာ ဒဏ်ရာရရှိကြောင်း သိရသည်။ မီရှီဂန်အနောက်ပိုင်း၌ ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ အသက်တစ်နှစ်နှင့် သုံးနှစ်အရွယ် မိန်းကလေးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

လန်စီအရှေ့တောင်ပိုင်း အင်ဂမ်ဒေသတွင်လည်း တစ်ဦးသေဆုံးကြောင်း အတည်ပြုခဲ့ပြီး ပြည်နယ်အတွင်း အဝေးပြေးလမ်းမပေါ်တွင် ယာဉ် ၂၅ စီးကျော် စုပြုံမှုကြောင့် လူအများအပြား ဒဏ်ရာရရှိကြောင်း သိရသည်။ မီရှီဂန်တွင် မုန်တိုင်းကြောင့် ဩဂုတ် ၂၅ ရက်ည ၇ နာရီ ၁၅ မိနစ်က လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၃၉၀၀၀၀ ကျော် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ မီရှီဂန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂရက်ချန်ဝစ်မာက ဝိန်းနှင့် မွန်ရိုးဒေသတို့ကို အရေးပေါ်အခြေအနေအဖြစ် ဩဂုတ် ၂၅ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။

# အာကာသယာဉ်မှူးလေးဦးပါ စပေ့အိတ်စ်ဒုံးပျံကို နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာ လွှတ်တင်

**ဖလော်ရီဒါ ဩဂုတ် ၂၆**

နိုင်ငံလေးနိုင်ငံမှ အာကာသယာဉ်မှူး လေးဦး တင်ဆောင်သော ပုဂ္ဂလိကပိုင် ခရူးဒရက်ဂွန် အာကာသယာဉ်ကို ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၇ မိနစ်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစင်တာမှ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းဆီသို့ လွှတ်တင်လိုက်သော အဆိုပါ အာကာသယာဉ်သည် သတ်မှတ်ထားသော ပတ်လမ်းသို့ ရောက်ရှိပြီးနောက် ၁၂ မိနစ်အကြာတွင် ဒုံးပျံမှခွဲထွက်ခဲ့သည်။ စပေ့အိတ်စ် ဖယ်ကွန်း-၉ ဒုံးပျံဖြင့် လွှတ်တင်လိုက်သော အဆိုပါ အာကာသယာဉ်ပေါ်တွင် ဂျပန်၊ အမေရိကန်၊ ရုရှား နှင့် ဒိန်းမတ်နိုင်ငံတို့မှ အာကာသယာဉ်မှူးများ လိုက်ပါသွားကြသည်။

အသက် ၅၉ နှစ်အရွယ် ဂျပန်အာကာသယာဉ်မှူး ဖူကူကာဝါ ဆာတိုရှီအတွက် ဒုတိယမြောက် အာကာသခရီးစဉ်လည်းဖြစ်သည်။ ဖူကူကာဝါသည် နိုင်ငံတကာ အာကာသစခန်းသို့ ဩဂုတ် ၂၇ ရက်တွင် ရောက်ရှိရန် မျှော်မှန်းထားပြီး အာကာသစခန်းတွင် ခြောက်လကြာ နေထိုင်သွားဖွယ်ရှိကြောင်း သိရသည်။

အနာဂတ်တွင် လူလိုက်ပါ အာကာသစူးစမ်းလေ့လာမှုများအတွက် ရည်ရွယ်ကာ ဆီးကိုသောက်သုံးရေအဖြစ်သို့ ပြောင်းလဲပေးရာတွင် သန့်စင်သော ပစ္စည်းကိရိယာများ မြှင့်တင်ပေးခြင်းအပါအဝင် သိပ္ပံနည်းကျ စမ်းသပ်မှုအမျိုးမျိုးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး ဆင်းသွယ်လတ် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတွင် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ စူပါဘိုကာရှီကြဲပက်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး(**အပေါ်ယာပုံ**) မိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေထားရှိမှုနှင့် ထွန်ယက် စိုက်ပျိုးပြီးစီးနေမှု၊ မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရာသီအလိုက်သီးနှံများစိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အထွက်နှုန်းကောင်းသည့် စပါးမျိုးများ စနစ်တကျစိုက်ပျိုးနိုင်ရေးတို့ကို မှာကြားပြီး တောင်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုန်တိုင်း(မိုခါ)ကြောင့် ထိခိုက်ပျက်စီးသွားသည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီးသို့ သွားရောက်သည့် ဦးရာဇ်မင်္ဂလာကြိုးတံတားအား ပြန်လည်ပြုပြင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဦးရာဇ်တော်ဓာတ်စေတီ ဓာတ်လှေကားလျှောက်လမ်းနှင့် အမိုးအကာများ ပြန်လည်ပြုပြင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အချိန်မီပြုပြင်နိုင်ရေး မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာအနီး စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများပူးပေါင်းပြီး နိုင်ငံတော်မှထောက်ပံ့သည့် အထွက်နှုန်းကောင်း GW – 11 မျိုးစပါးစိုက်ခင်းနှင့် တစ်ဧကတင်း ၁၀၀ ထက် ထွက်ရှိရေး တစ်ကွင်း တစ်စပ်တည်း ဧက ၁၀၀ စံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မိုခါမုန်တိုင်းသင့်တောင်သူများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် အထွက်နှုန်းကောင်း မျိုးစပါးများ ဖြန့်ဝေပေးပြီး စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးစပါးအထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေး စံပြကွက်များ ဖော်ဆောင်ထားရှိမှုအခြေအနေ၊ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာများသို့ ကွင်းဆင်းပြီး တောင်သူများနှင့် ထိတွေ့ကာ စိုက်ပျိုးရေးနည်းစနစ်များ၊ နည်းပညာများ ကူညီပေးနိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး စံပြစိုက်ခင်းအတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကျောင်း ပြန်လည်ပြုပြင်ပြီးစီးနေမှုနှင့် ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းရုံးခန်း၌ ကျောင်းအုပ်ဆရာကြီးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများ၊ စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှ စိုက်ပျိုးရေးဒီပလိုမာရရှိခဲ့မှုနှင့် ဌာနဆိုင်ရာရုံးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကုမ္ပဏီများတွင် ဝင်ရောက်တာဝန်ထမ်းဆောင်လုပ်ကိုင်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး အားပေးစကားများ ပြောကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၅၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့ ကမ်းနားလမ်းသင်္ဘောဆိပ်သို့ သွားရောက်ပြီး ကုန်စည်သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုကာ ကမ်းနားလမ်းရှိယာယီဈေးအတွင်း ဈေးသူ၊ ဈေးသားများ ဈေးရောင်းချနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်မြို့နယ် ဝက်မိုင်းကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင် ဦးညီညီသန်း၏ လခြမ်းမြေဆန်စက်ကို သွားရောက်ကြည့်ရှုရာ ဆန်စက်လုပ်ငန်းတာဝန်ခံက ဆန်များကြိတ်ခွဲ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ဆန်သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးရောင်းချနေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ တက်ရောက်ချီးမြှင့်

**ပြည် ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ပြည်ခရိုင်အတွင်း တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် မြောင်းဆုံကျေးရွာသို့ ရောက်ရှိခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မိရိုးဖလာစိုက်ခြင်းမှ မျိုး၊ မြေ၊ ရေ၊ နည်း စနစ်တကျ ပြုပြင်ပြောင်းလဲ စိုက်ပျိုးသွားနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဖြည့်ဆည်း ဆောင်ရွက်နေမှု၊ နွေစပါး စိုက်ပျိုးရေရရှိရေး ချောင်းပိတ် / မြောင်းပိတ်လုပ်ငန်းများ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက် အသုံးပြုပုံနှင့် ပျိုးထောင်မှု မှတ်တမ်းဗီဒီယိုကို ရှင်းလင်းပြောကြားပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက်ရောက်လာသည့် ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်များရှိ တောင်သူများနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မှာယူထားသော တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတောင်းမြို့နယ် တောင်ပို့ကွင်း မြစိမ်းရောင် စီမံကိန်းစံပြကျေးရွာသို့ ရောက်ရှိပြီး ဆိတ်မွေးမြူသူများအား မတည်ရန်ပုံငွေများ ပေးအပ်ကာ တောင်ပို့ကွင်းကျေးရွာနှင့် ညောင်ဖြူကျေးရွာများ၌ စီးပွားဖြစ် ဒေသဆိတ် (ဝေသာလီ)မျိုး၊ (ထိန်စမ်း) မျိုး၊ တောင်အာဖရိက ဆိတ်ဘိုဝါ (Boer)မျိုး ဆိတ်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုပြီး ဆိတ်အစာအဖြစ် နေဗီယာ မြက်စိုက်ပျိုးထားရှိမှု၊ Stylosan– thes Hamata မြက်မျိုးများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး မျိုးကောင်းမျိုးသန့် ဆိတ်မျိုးများ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတောင်း–၁ ရေနံအစမ်းတွင်း တူးဖော် ဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သီးခြားလိုအပ်ချက်များ မှာကြားသည်။ ယင်းနောက် စွယ်တော်ကျေးရွာအုပ်စုရှိ လျှော်ဖြူခြံစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ပြည်ပဈေးကွက် ခိုင်မာစွာရရှိရေးနှင့် လျှော်ဖြူခြံအတွင်း ကော်ဖီ သီးညှပ်စိုက်ပျိုးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးကာ နှမ်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဆီကြိတ်၍ရသည့် အထွက်နှုန်းကောင်း နှမ်းမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် ပန်းတောင်းဒေသသည် မိုးနည်းသည့်ဒေသဖြစ်၍ ရေအနည်းလိုစပါးမျိုးများ စမ်းသပ်စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

**အလယ်တန်း**– သက်ပိုင်ထွေး၊ ထက်ဖြိုးဝေ၊ စျာနေယျာသူ၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ နေမိုးနိုင်(ဟံသာဝတီယူနိုက်တက်)၊ ဝေလင်းအောင်၊ ဆွမ်လမ်မန်၊ မင်းမြတ်စိုး (ဒဂုံစတား)၊ အောင်လှိုင်ဝင်း (မဟာယူနိုက်တက်)၊ ရန်နိုင်ဦး (ရန်ကုန်ယူနိုက်တက်) နှင့် **ရှေ့တန်း**– ရန်ကျော်ထွေး (ရန်ကုန်ယူနိုက်တက်) တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် လက်ရှိရွေးချယ်ထားသည့် ပဏာမကစားသမား ၂၅ ဦးတွင် လက်ရှိပြည်တွင်းလိဂ်မှ ကစားသမားများသာ ပါဝင်ပြီး ပြည်ပလိဂ်များတွင် ကစားနေသော ကစားသမားများမှာမူ စက်တင်ဘာလ အစောပိုင်းတွင် အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈ ရက်နှင့် ၁၁ ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲမတိုင်မီ ပဏာမမြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၆ ရက်က မြန်မာနေရှင်နယ်လိဂ်ကလပ် ဒဂုံစတားအသင်းနှင့် ခြေစမ်းကစားရာ ဂိုးမရှိသရေကျခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနှင့် ဇွန်လ နိုင်ငံတကာရက်သတ္တပတ်များတွင်လည်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

**ရဲရင့်လွင်**

## ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် (၅၁) ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာမာဂဓ ကျောင်းတိုက်တွင် ဝါတွင်းကာလ ဝါဆိုတော်မူသော သံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်နှင့်ဆီများကို ဩဂုတ် ၂၂ ရက်က ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီမြို့၌ မြစ်မခမြစ်ကမ်း ပြိုကျနေမှုကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များကို ထောက်ပံ့ငွေနှင့်ဆန်ရိက္ခာများ ထောက်ပံ့

**သာယာဝတီ ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဩဂုတ် ၂၄ ရက်က စံရွေးကျေးရွာအုပ်စု စံရွေးကျေးရွာ၌ မြစ်မခမြစ်ကမ်း ပြိုကျနေမှုကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များအတွက် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့်အဖွဲ့ဝင်များက မြစ်မခမြစ်ကမ်းပြိုကျနေမှုကြောင့် စံရွေးကျေးရွာအုပ်စု စံရွေးကျေးရွာမှ ကြိုတင်ဖျက်သိမ်းနေအိမ် ကိုးလုံး၊ ဩဂုတ် ၂၅ ရက်က ထပ်မံဖျက်သိမ်းသော နေအိမ် နှစ်လုံး စုစုပေါင်းနေအိမ် ၁၁ လုံးအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ် ၁၁ အိတ်ကို သွားရောက်ထောက်ပံ့သည်။

အလားတူ ဩဂုတ် ၂၅ ရက်က မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သာယာဝတီခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများက မြစ်မခမြစ်ကမ်းပြိုကျနေမှုကြောင့် စံရွေးကျေးရွာအုပ်စု စံရွေးကျေးရွာမှ ဩဂုတ် ၂၄ ရက်က ကြိုတင် ဖျက်သိမ်းနေအိမ်ကိုးလုံးအတွက် ပြောင်းရွှေ့စရိတ် ကျပ်ကိုးသိန်း၊ လူဦးရေ ၃၅ ဦးအတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၇၃၅၀၀ စုစုပေါင်း ငွေကျပ် ၉၇၃၅၀၀ တို့ကို သွားရောက်ထောက်ပံ့ပေးအပ်သည်။ **သန့်ဇော်(ပြန်/ဆက်)**



## ဆားလင်းကြီးမြို့၌ တန်ဖိုးသင့်စားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**ဆားလင်းကြီး ဩဂုတ် ၂၆**

ဆားလင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် တန်ဖိုးသင့် စားသောက်ကုန်များ ရောင်းချခြင်းကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်။

တန်ဖိုးသင့်စားသောက်ကုန်များရောင်းချရာတွင် ဆန် ခြောက်ဘူး၊ ဆီ ၁၅ ကျပ်သား၊ ကြက်ဥ ငါးလုံးပါ သုံးမျိုးကို ငွေကျပ်သုံးထောင်နှုန်းဖြင့် လူဦးရေ ၁၀၀ စာအတွက် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများ လာရောက်ဝယ်ယူကြသည်။ ယခုလိုရောင်းချပေးမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် မကြာခဏရောင်းချပေးသင့်ကြောင်း ဈေးဝယ်သူတစ်ဦးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂) ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၆ ရက်က နတ်မောက် လမ်းသွယ်(၁) ဗိုလ်ချုပ်(၂) ရောင်းဝယ်ရေးသမဝါယမအသင်းဆိုင်၌ ကျင်းပရာ ဗဟန်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတက်ရောက်ပြီး အသင်းမှအသင်းသား ၉၂ ဦးအား မြေပဲဆီ သန့်၊ ကြက်သွန်နီ၊ အချိုမှုန့်၊ ဆားတို့ကို ပေးအပ်စဉ်။ အာကာလင်း

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

(၂၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၁၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ အရှိန်လွန်ကား ဆိုင်ကယ်ကိုတိုက်ပြီး ထွက်ပြေးတိမ်းရှောင်

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ လမ်းမှန်မောင်းနှင်နေသည့် ဆိုင်ကယ်ကို တစ်ဖက်မော်တော်ယာဉ်မှ အရှိန်လွန်မောင်းနှင်တိုက်မိပြီး ထွက်ပြေးတိမ်းရှောင်သွားမှု ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ရဲအုပ် မျိုးမင်းသိန်းသည် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် ယာဉ်မတော်တဆမှုကြောင့် လူနာရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဩဂုတ် ၈ ရက် ညနေ ၅ နာရီခွဲက ဒက္ခိဏသီရိမြို့နယ် တော်ဝင်သီရိလမ်းနှင့် သဇင်လမ်းထောင့်တွင် သဇင်လမ်းအတိုင်း ရာဇသင်္ဂဟလမ်းဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ်/အမျိုးအစား(စုံစမ်းဆဲ)သည် တော်ဝင်သီရိလမ်းအတိုင်း MICC (2) ဘက်မှ MICC (1) ဘက်သို့ မောင်ညီညီခန့် G.T.C ဒုတိယနှစ်ကျောင်းသား အသက်(၂၀)နှစ် (၇)ရပ်ကွက် လယ်ဝေးမြို့နယ်နေ မောင်းနှင်သော အနက်ရောင်ဆိုင်ကယ်ကို**(အောက်ပုံ)** ကားဖြင့်ဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ရာ ညီညီခန့်တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ် မျိုးမင်းသိန်းက ဒက္ခိဏသီရိမြို့နယ် ဉ္စေ့ဂေဟာနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ပြီး ယာဉ်နှင့်အတူ မောင်းနှင်ထွက်ပြေးသွားသူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၈၀ ကျပ် | ၂၃၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၅၀၀ | ၆၀၅ | ၅၆၇၇၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၁၈၆၀၅ | ၅၈၆၂၁၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀ | ၁၇၀၀ | ၁၁၄ | ၁၉၇၉၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၁၀၀ | ၂၄၅၀၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၃၅၇ | ၈၂၁၁၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၃၆ | ၁၇၂၈၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၅၀ | ၉၅၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ညီညီ - စုစည်းသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော် ဩဂုတ် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှအဆက်)*

**ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က** မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်ရေးကော်မတီ Foreign Exchange Supervisory Committee (FESC)ကို အတွင်းရေးမှူးရုံးအနေဖြင့် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ (FESC) ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၂၈/၂၀၂၂ နှင့်အတူ ၂၀၂၂ ခုနှစ် ဧပြီ ၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးနှင့် နိုင်ငံခြားငွေကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက်၊ လိုအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးကွက်(Market) မပြည့်ဝသည့်အခါ အစိုးရအနေဖြင့် မူဝါဒအရဆောင်ရွက်ရသည့် အခြေအနေမျိုးဖြစ်ကြောင်း ပြောကြားသည်။

## နိုင်ငံခြားသုံးငွေကို စိစစ်ခွင့်ပြု

FESC ၏ အဓိကလုပ်ငန်းတာဝန်များမှာ နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ လိုအပ်နေသည့် စက်ပစ္စည်းယန္တရားများ၊ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့်အသုံးအဆောင်၊ ကုန်ကြမ်းပစ္စည်း အစရှိသည်တို့ကို တင်သွင်းရာတွင် လိုအပ်သည့်နိုင်ငံခြားသုံးငွေ စိစစ်ခွင့်ပြုခြင်းများ၊ ပြည်သူများအတွက် အဓိကမရှိမဖြစ်လိုအပ်သည့် စက်သုံးဆီ၊ စားသုံးဆီ၊ ဆေးဝါး၊ ဓာတ်မြေဩဇာ အစရှိသဖြင့် ပိုးသတ်ဆေးအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို ဝယ်ယူတင်သွင်းသည့်အခါ နိုင်ငံခြားသုံးငွေစိစစ်ခွင့်ပြုခြင်း၊ လူမှုရေးနှင့်ပတ်သက်၍ ပြည်ပကို ကျန်းမာရေး၊ ပညာရေးကိစ္စနှင့် သွားသည့်အချိန်များတွင်လည်း အတတ်နိုင်ဆုံးလဲလှယ်ပေးသည့် အနေအထားနှင့်အတူ နိုင်ငံခြားသုံးငွေကို စိစစ်ခွင့်ပြုခြင်းများရှိကြောင်း ပြောကြားသည်။

အကျဉ်းချုပ်တင်ပြရလျှင် FESC အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် မရှိမဖြစ် အရေးတကြီးလိုအပ်သည့် ကုန်စည်များကို မပြတ်လပ်စေရန်၊ (မရှိမဖြစ်ဆိုသည့်ကုန်ပစ္စည်းကို မိမိရည်ညွှန်းခြင်းဖြစ်ကြောင်း)ဆိုလိုသည်မှာ Necessity ဖြစ်ကြောင်း၊ Luxury မဟုတ်ကြောင်း၊ ထို့ကြောင့် မရှိမဖြစ် အဓိကကုန်စည်များ တင်သွင်းနိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးလျက်ရှိသည်ဟု ပြောလိုကြောင်း၊ ဥပမာအနေဖြင့် တင်ပြရလျှင် မိသားစုတစ်စုတွင် မိခင်တစ်ယောက်က အကန့်အသတ်နှင့်ရှိနေသည့် မိသားစုဝင်ငွေကို မိသားစုတစ်စုလုံးအတွက် တစ်လလုံးလောက်အောင် ခွဲဝေပြီး သုံးစွဲရသည့် အနေအထားကဲ့သို့ဖြစ်ကြောင်း၊ ထိုသို့ စီမံခန့်ခွဲသည့်အတိုင်း နိုင်ငံတစ်ခုတွင် အကန့်အသတ်နှင့် ရှိနေသည့် ရသုံးကို စီမံခန့်ခွဲရသကဲ့သို့ FE အဝင်အထွက်ကိုလည်း စီမံခန့်ခွဲရသည့် သဘောတရားဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ (FESC) အနေဖြင့် ကော်မတီ စတင်ဖွဲ့စည်းသည့် ၄-၄-၂၀၂၂ ရက်နေ့မှစ၍ ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေ ၁၀၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေနှင့်လဲလှယ်ပြီး ဆောင်ရွက်



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ရှင်းလင်း ပြောကြားစဉ်။

ခဲ့ကြောင်း၊ ထို့နောက် ၁၆-၈-၂၀၂၂ ရက်တွင် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၃၅ ရာခိုင်နှုန်းကို မိမိတို့အတွက် သုံးစွဲနိုင်ပြီး AD လိုင်စင်ရဘဏ်မဟုတ်သော အခြားသူများထံသို့ လွှဲပြောင်းခြင်း၊ AD လိုင်စင်ရဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး ကျန်သည့် ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေနှင့် လဲလှယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ၆၅၊ ၃၅ ရာခိုင်နှုန်းနှင့် ဆက်လက်ပြီး ဆောင်ရွက်ခဲ့သည်ကို အားလုံးလည်း သိရှိပြီးဖြစ်ကြောင်း၊ FESC ဖွဲ့စည်းပြီး ၄ လအကြာ ဩဂုတ်လပိုင်း၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၃-၇-၂၀၂၃ ရက်နေ့တွင် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ငွေပမာဏကို ၅၀၊ ၅၀ ရာခိုင်နှုန်းသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် FESC ၏မူဝါဒသည် တဖြည်းဖြည်းနှင့် ဖြေလျှော့မှုရှိလာသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိနိုင်မှုများပြားလာလေလေ ပြည်သူများအတွက် ပို၍ ဖြေလျှော့ပြီး ဆောင်ရွက်ပေးသည့် အနေအထားကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

## မရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်

နိုင်ငံတော်အနေဖြင့် ပို့ကုန်၏ရငွေ ၅၀ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့် လဲလှယ်လိုက်သည့်နေရာတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အဓိကမရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်မှာ စက်သုံးဆီနှင့် စားသုံးဆီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စားသုံးဆီလုံလောက်မှုမရှိခြင်းကြောင့် ပြည်ပမှတင်သွင်းရကြောင်း၊ ထို့ကြောင့် အဓိကလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီနှင့် စားသုံးဆီအတွက် မိမိတို့ FESC မှ စီမံခန့်ခွဲပြီး ၅၀/၅၀ ရာခိုင်နှုန်းဖြင့်ပေး၍ နိုင်ငံတော်၏ ပံ့ပိုးထားသည့် လဲလှယ်နှုန်းနှင့်ပံ့ပိုးပြီး တင်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ထပ်တစ်ခုအနေဖြင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့် ဆေး၊ ဆေးကိရိယာများနှင့်ဆိုင်သည့် ပစ္စည်းများ၊ ထုတ်လုပ်မှုကဏ္ဍများတွင် မရှိမဖြစ်လိုအပ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် စက်ကိရိယာ ကုန်ကြမ်းများ၊ ပြည်သူများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ကလေးနို့ မှုန့်အပါအဝင် စသည့်ကိစ္စရပ်များမှာ ဦးစားပေးစိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း ပြောကြားသည်။

ထိုသို့ဆောင်ရွက်သည့်အခါ နိုင်ငံတော်၏ ပံ့ပိုးထောက်ပံ့မှုများကြောင့် စက်သုံးဆီတစ်လီတာ၏ ဈေးနှုန်းကို အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၌ တစ်လီတာကို အမေရိကန်ဒေါ်လာ ၁.၀၇ ဒေါ်လာရှိကြောင်း၊ အာဆီယံနှင့် အခြားသော အိမ်နီးချင်းနိုင်ငံများကို ၁၈-၈-၂၀၂၃ ရက်၏ ဈေးနှုန်းအရ ကြည့်မည်ဆိုလျှင် တစ်လီတာကို လာအို၌ ၁.၅၈ ဒေါ်လာရှိကြောင်း၊ ထိုင်း၌ ၁.၃၈၊ ကမ္ဘောဒီးယား၌ ၁.၂၅၊ ဖိလစ်ပိုင်၌ ၁.၂၅၊ စင်ကာပူ၌ ၂.၁၅၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်၌ ၁.၁၊ အိန္ဒိယ၌ ၁.၂၈၊ ဘင်္ဂလားဒေ့ရှ်၌ ၁.၂ ဒေါ်လာရှိကြောင်း၊ အရှေ့အာရှနိုင်ငံများဖြစ်သည့် ဂျပန်၌ ၁.၂၃၊ တောင်ကိုရီးယားဆိုလျှင် ၁.၂၆ ဒေါ်လာ အစရှိသဖြင့် စက်သုံးဆီ၏ ဈေးနှုန်းများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအကြောင်းအရာများကို US ဒေါ်လာနှင့် နှိုင်းယှဉ်ပြီး ပြောသွားခြင်းဖြစ်ကြောင်း၊ မြန်မာကျပ်ငွေအနေဖြင့် ပြောရမည်ဆိုလျှင် တရုတ်နိုင်ငံ၌ ဓာတ်ဆီတစ်လီတာကို ၁၅၁၅ ကျပ်၊ ဒီဇယ်တစ်လီတာကို ၁၂၉၄ ကျပ်ပိုမိုများပြားခဲ့ကြောင်း၊ လာအိုနိုင်ငံ၌ ဓာတ်ဆီတစ်လီတာကို ၂၉၄၃ ကျပ်၊ ဒီဇယ်တစ်လီတာကို ၁၀၂၂ ကျပ် ပိုပြီးများပြားသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၌ ဓာတ်ဆီတစ်လီတာကို ၂၅၆၉ ကျပ်၊ ဒီဇယ်တစ်လီတာကို ၂၂၈၀ ကျပ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဓာတ်ဆီတစ်လီတာကို ၁၈၅၅ ကျပ်၊ ဒီဇယ်တစ်လီတာကို ၁၁၂၄ ကျပ်၊ အိန္ဒိယနိုင်ငံ၌ ဓာတ်ဆီတစ်လီတာကို ၂၁၉၅ ကျပ်၊ ဒီဇယ်တစ်လီတာကို ၁၆၀၀ ကျပ် ပိုပြီးများခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။

## အစိုးရက ပံ့ပိုးမှုများ

ထိုသို့ စက်သုံးဆီနှင့်ပတ်သက်ပြီး အစိုးရက ပံ့ပိုးမှုများရှိသကဲ့သို့ စားသုံးဆီနှင့်ပတ်သက်၍လည်း ပံ့ပိုးမှုများရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် သက်ဆိုင်ရာဒေသတွင်း၌ စားသုံးဆီဖြစ်စေ စက်သုံးဆီဖြစ်စေ တစ်လီတာဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ပိုမိုနည်းပါးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ဒေသတွင်း၌ ဆီထွက်သည့် နိုင်ငံများဖြစ်သည့် ဥပမာ အင်ဒိုနီးရှား၊ မလေးရှားတို့သည် စားအုန်းဆီထွက်သည့် နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံကလည်း ဝယ်ယူစားသုံးနေသည့် နိုင်ငံဖြစ်သောကြောင့် ထိုနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံမှာ ဈေးပိုများသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စားအုန်းဆီပေါက်ဈေးမှာ အစိုးရက ပံ့ပိုးသည့် ရာခိုင်နှုန်းများနှင့် လဲလှယ်နေရကြောင်း၊ ယနေ့ စားအုန်းဆီပေါက်ဈေးကိုကြည့်မည်ဆိုလျှင် ရည်ညွှန်းဈေးမှာ ၄၀၆၅ ကျပ် ဖြစ်ကြောင်း၊ ကုမ္ပဏီလက်ကားဈေးမှာ ၈၀၀၀ ကျပ် ဖြစ်ကြောင်း၊ ဘုရင့်နောင်လက်ကားဈေးမှာ ၉၀၀၀ ကျပ် ဖြစ်ကြောင်း၊ လက်လီဈေးက ၁၀၀၀၀ ကျပ် ပေါက်နေကြောင်း၊ ထို့ကြောင့် စက်သုံးဆီ၊ စားသုံးဆီများကို နိုင်ငံတော်က ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ဈေးများနှင့် ပေးထားခြင်းဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များ၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ တက်လာသည့်အတွက် ဈေးတက်ပြီး ရောင်းသည့်အခါ မိမိတို့ FESC က နိုင်ငံတော်၏ စေတနာနှင့် ပံ့ပိုးပေးထားသည့် ဆောင်ရွက်မှုများသည် အရာမထင်သည့် ပုံစံမျိုးဖြစ်နေကြောင်း ပြောကြားသည်။

သာမန်အားဖြင့် စဉ်းစားကြည့်မည်ဆိုလျှင် စီးပွားရေးလုပ်ငန်းများသည် အမြတ်ဆိုသည်ကို ရလိုကြမည်ဖြစ်ကြောင်း၊ သို့သော်လည်း ရသင့်ရထိုက်သည့်အမြတ်ကို ၁၀ ရာခိုင်နှုန်းထားမည်လား၊ ၂၀ ရာခိုင်နှုန်း ထားမည်လား၊ ၂၅ ရာခိုင်နှုန်း ထားမည်လား စသဖြင့် သတ်မှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့သော် နှစ်ဆမြတ်လိုနေသည့် အနေအထားသည် မဖြစ်သင့်သည့်အနေအထားဖြစ်သည်ကို သုံးသပ်တွေ့ရှိရကြောင်း၊ ကမ္ဘာ့ဈေးနှုန်းကျသွားသည့်အချိန်တွင် လိုက်ပြီးဈေးချပေးရမည့်သဘောဖြစ်ကြောင်း၊ တစ်ခါတလေတွင် စက်သုံးဆီဖြစ်စေ စားအုန်းဆီဖြစ်စေ၊ ရွှေဈေးဖြစ်စေ ကမ္ဘာ့ဈေးနှုန်းများက ကျနေသော်လည်း မြန်မာပြည်ထဲ၌ မကျသေးကြောင်း၊ အစရှိသဖြင့် ထိုအနေအထားများကို လေ့လာတွေ့ရှိရကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အမြတ်ကို လွန်ကဲစွာဦးစားပေးလွန်းသည့် လုပ်ငန်းရှင်များမဖြစ်ရန်၊ သမာသမတ်ကျပြီး စီးပွားရေးကျင့်ဝတ်ကို လိုက်နာသည့် စီးပွားရေးအသိုက်အဝန်းများဖြစ်ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် တင်ပို့နေသည့်ပို့ကုန်များကို တိုးမြှင့်ရန် အရေးကိစ္စသည် Export Promotion ဖြစ်ကြောင်း၊ တင်သွင်းပြီး စားသုံးနေသည့် သွင်းကုန်များမှ မည်သည့်သွင်းကုန်အမျိုးအစားများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မလဲဆိုသည်မှာ Import Substitution ဖြစ်ကြောင်း၊ Export Promotion နှင့် Import Substitution ဖြစ်သည့် ပို့ကုန်တိုးမြှင့်ခြင်းနှင့် *စာမျက်နှာ ၁၇ သို့*

**● စက်သုံးဆီဖြစ်စေ စားအုန်းဆီဖြစ်စေ၊ ရွှေဈေးဖြစ်စေ ကမ္ဘာ့ဈေးနှုန်းများက ကျနေသော်လည်း မြန်မာပြည်ထဲ၌ မကျသေး၊ အစရှိသဖြင့် ထိုအနေအထားများကို လေ့လာတွေ့ရှိရ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အမြတ်ကို လွန်ကဲစွာ ဦးစားပေးလွန်းသည့် လုပ်ငန်းရှင်များမဖြစ်ရန်၊ သမာသမတ်ကျပြီး စီးပွားရေးကျင့်ဝတ်ကို လိုက်နာသည့် စီးပွားရေး အသိုက်အဝန်းများဖြစ်ရန် လိုအပ်လျက်ရှိ**

*စာမျက်နှာ ၁၆ မှ*

သွင်းကုန်ကိုအစားထိုးပြီး ထုတ်လုပ်မှုများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည့်အချိန် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန် အဓိက အားဖြင့် ပြည်တွင်းထုတ်လုပ်မှု (Domestic Production) သည် အရေးပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးလျက်ရှိပြီး နိုင်ငံတော်၏ စုစုပေါင်း ကုန်ထုတ်လုပ်မှုကို တိုးတက်စေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန် ဦးဆောင်ပြီး ဆောင်ရွက်နေခြင်းသည် သွင်းအားစုများကို ပြတ်လပ်မှု မရှိရန် စီမံချက်များချမှတ်၍ ဆောင်ရွက်သကဲ့သို့ စီးပွားရေး ဦးတည်ချက်သုံးရပ်တွင်လည်း အတိအကျဖော်ပြထားကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် FESC ၏ဆောင်ရွက်မှုများသည် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များနှင့် မည်သို့ချိတ်ဆက်ပြီး ဆောင်ရွက်နေသည်ကို အနည်းငယ်ရှင်းပြလိုကြောင်း ပြောကြား သည်။

## ပြည်တွင်းအင်အားသည် ပြည်တွင်း၌ရှိသည်

ပြည်တွင်းအင်အားသည် ပြည်တွင်း၌ ရှိသည်ဆိုသကဲ့သို့ ပြည်တွင်း ထုတ်လုပ်မှုများကို အားကိုးကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်တွင်းထုတ်လုပ်နိုင်စွမ်းကို ပိုပြီးတိုးတက်ရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်၌ ဖော်ပြထားသည့်အတိုင်း စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ခြင်းသည် မိမိတို့နိုင်ငံ၏ စားရေရိက္ခာလုံခြုံရေးကိုသာမက စိုက်ပျိုးရေးထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ဒေသအတွင်းနှင့် ကမ္ဘာ့စားရေရိက္ခာဖူလုံမှုကိုပါ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး စသည့် အခြေခံကျသည့် ထုတ်လုပ်မှုများကို မျိုး၊ မြေ၊ ရေ၊ နည်းပညာစသည် ဖြင့် တိုးချဲ့ပြီးစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် မိတ်ဖက် နိုင်ငံများဆီထံမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို စွမ်းဆောင်ရုံမကဘဲ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ တစ်နည်းပြောရလျှင် Myanmar Citizen Investment မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့်အတူ ပူးပေါင်းပြီး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက် ဒုတိယအချက်၌ ဖော်ပြထား သကဲ့သို့ "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေး" ဆိုပြီး ချမှတ်ထားသည့်အတွက်၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GDP တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆင့်တက်လုပ်ငန်းများအပါအဝင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)များ၏ ဖွံ့ဖြိုးမှုလုပ်ငန်း များ၌ မူတည်နေကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၌ ရှိနေသည့် စီးပွားရေး လုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းကျော်သည် MSME စီးပွားရေးလုပ်ငန်း များဖြစ်နေသည့်အတွက် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည် ၏ စီးပွားရေးတိုးတက်မှု၊ တည်ငြိမ်မှုနှင့် ပို့ကုန်တင်ပို့နိုင်မှုတို့နှင့် တိုက်ရိုက်အချိုးကျဆက်စပ်လျက်ရှိကြောင်း၊ ထည့်သွင်းပြောကြား လိုသည်မှာ MSME လုပ်ငန်းများအနေဖြင့် အစိုးရ၏မူဝါဒ၊ အားပေး ကူညီမှုများအပြင် စီးပွားရေးလုပ်ငန်းများ၏ တိုးတက်ကြီးပွားလိုစိတ် (Own Political Will) ကိုယ်တိုင်ကလည်း မိမိလုပ်ငန်းကို တိုးတက် လိုပြီး "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဖြစ်ရန် အလွန်အရေးကြီးကြောင်း၊ နောက်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများသည် (Grown Up) ကြီးထွား လာပြီး ထုတ်ကုန်အရည်အသွေးများကို တိုးမြှင့်ခြင်း၊ ဈေးကွက်ရှာဖွေ ခြင်း၊ ထုပ်ပိုးမှုဒီဇိုင်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်များတွင် ပါဝင် ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို မှာကြားရာတွင် " စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်း များကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ လိုအပ်သော အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်တွင်း၌ အလုံအလောက် ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်နှင့်အထည် အလိပ်များ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်း လိုအပ်ချက်များကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ နွားမွေးမြူရေး၊ ဝါနှင့်ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပြီး ပြည်ပသို့ ကုန်ကြမ်း (Raw Material) တင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added) တင်ပို့ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချ နိုင်မည်ဖြစ်သကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်များကို အတတ်နိုင်ဆုံး လျှော့ချနိုင်မည် ဆိုလျှင် FESC အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုကို အားပေးနိုင်မည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း များစွာဖော်ဆောင်ပေး နိုင်မည်ဖြစ်သောကြောင့် အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း" မှာကြားခဲ့ကြောင်း၊ ရော်ဘာထုတ်လုပ်မှုနှင့်ပတ်သက်၍ ရော်ဘာများဆိုလျှင် တင်သွင်းသည့် ကုန်ပစ္စည်းများတွင် ကားတာယာ အစရှိသည်များပါဝင်ကြောင်း၊ ကားတာယာကြီးများကို မထုတ်လုပ်နိုင် သေးဘူးဆိုလျှင် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီး တာယာအစရှိသဖြင့် ထုတ်လုပ်၍ အစားထိုးသွင်းကုန်အနေဖြင့် ထုတ်လုပ်နိုင်ခြင်းအားဖြင့် Import Substitution သွင်းကုန်သွင်းရ မည့် ပမာဏများ နည်းသွားမည်ဖြစ်ကြောင်း၊ MSME ၏ ထုတ်ကုန်များ လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့်မြို့ပြ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းနိုင်မည်ဖြစ်သောကြောင့် ပြည်တွင်းထွက် ကုန်ကြမ်းများနှင့် MSME များ၏ ဖွံ့ဖြိုးမှုကြားကို ချိတ်ဆက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း ပြောကြားသည်။

## ပြည်တွင်းစားသုံးဆီဖူလုံရေး

ထို့အတူ စီးပွားရေးဦးတည်ချက်၏ တတိယအချက်တွင် "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန် ဆောင်ရွက်ပြီး နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး"ဟူ၍ ချမှတ်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများကို ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှု လျာထား ချက်ဧကကို ပြည့်မီအောင် ဆောင်ရွက်နိုင်စေရေးနှင့် အထွက်နှုန်း ပြည့်မီရေးများကို ကြိုးစားဆောင်ရွက်ရန်" မှာကြားခဲ့ကြောင်း၊ စိုက်ပျိုး ရေးတွင် Extensively နှင့် Intensively ဆိုပြီး ဧကတိုးချဲ့ စိုက်ပျိုး ခြင်းသည် Extensive ဖြစ်ကြောင်း၊ စိုက်ပျိုးဧကများတွင် သီးထပ် သီးညှပ်နှင့်အတူ မနားဘဲစိုက်ပျိုးသည့် အနေအထားများသည်လည်း အထွက်နှုန်းများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ရေရရှိမှုများကို ပေါင်းစပ်လျှင် စားသုံးဆီ ဖူလုံမှုကို ပို၍အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်၊ ဇူလိုင်လခန့်က ဖြစ်မည်ထင်ကြောင်း၊ မိမိတို့နိုင်ငံတွင် အထူးသဖြင့် ရုရှား – ယူကရိန်း ပဋိပက္ခကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ စားသုံးဆီများတင်သွင်းရသည့်အခါတွင် ၎င်းတို့သည် စားအုန်းဆီ ထုတ်လုပ်သော်လည်း ကိုယ်တိုင်မစားသုံးကြောင်း၊ ၎င်းတို့သည် ယူကရိန်းဘက်မှ နေကြာဆီကို တင်သွင်းစားသုံးကြကြောင်း၊ ၎င်းတို့ ထုတ်သည့် စားအုန်းဆီများကို မိမိတို့နိုင်ငံသို့ ရောင်းချကြောင်း၊ အဆိုပါ နိုင်ငံရေးပဋိပက္ခများကြောင့် ၎င်းတို့အနေဖြင့် တင်သွင်းမှု ခက်ခဲသောကြောင့် စားအုန်းဆီတင်ပို့မှုကို ရပ်လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စားအုန်းဆီဈေးနှုန်းများ ဈေးတက်ရခြင်း ဖြစ်ကြောင်း၊ မိမိဆိုလိုသည်မှာ ပြည်တွင်းထုတ်လုပ်မှုကို အောင်မြင် သေချာအောင်ထုတ်လုပ်မှသာလျှင် အခြားနိုင်ငံများကို မှီခိုအားထား ရသည့်ကိစ္စရပ်များ လျော့ကျသွားမည်ဖြစ်ကြောင်း၊ အာဆီယံစီးပွား ရေးဝန်ကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံမှ အာဆီယံစီးပွားရေး ဝန်ကြီးက အင်ဒိုနီးရှားအနေဖြင့် ဤကဲ့သို့ မလုပ်သင့်ကြောင်း၊ ဒေသ တွင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ အရေး ကြီးကုန်စည်ကို တင်သွင်းနေရသောကြောင့် ဒေသတွင်း၌ Share လုပ်ပြီး ဆောင်ရွက်သင့်သည်ကို ဆွေးနွေးခဲ့ကြောင်း၊ ထိုအချိန်တွင် စင်ကာပူ၊ ဘရူနိုင်းတို့မှ စီးပွားရေးဝန်ကြီးများက ၎င်းတို့သည်လည်း တင်သွင်းစားသုံးသည့် နိုင်ငံများဖြစ်သောကြောင့် အလားသဏ္ဌာန် တူစွာ ထောက်ခံဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

နိုင်ငံများသည် မိမိတို့အကျိုးစီးပွားကို ပိုဦးစားပေးကြကြောင်း၊ မိမိနိုင်ငံအခက်အခဲ ဖြစ်တော့မည်ဆိုပါက ပုံမှန်တင်သွင်းနေသည် များကို လျှော့ခြင်း၊ ရပ်ပစ်ခြင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်တွင်းထုတ်လုပ်မှုတွင် မိမိစားသုံးမှုကို ဖူလုံအောင်ထုတ်လုပ် နိုင်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒကိစ္စရပ် များသည် FESC တွင် နိုင်ငံခြားငွေစီမံခန့်ခွဲမှုများကိုလည်း တင်သွင်း မှုကိစ္စရပ်၊ တင်ပို့မှုကိစ္စရပ်များသည် ငွေစီးဝင်လာမှုနှင့် စီးထွက်လာ မှုကို ပြဋ္ဌာန်းပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် FESC အနေဖြင့် နိုင်ငံတော်၏မူဝါဒများနှင့်အညီ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သည့် အနေအထားကို မိမိအနေဖြင့် တင်ပြခြင်းဖြစ်ကြောင်း၊ မိမိရှေ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွား သည့်အတိုင်း Online Platform နှင့် အမေရိကန်ဒေါ်လာကို ရောင်းချ ပေးရာတွင် ရောင်းသူများ (Sellers) နှင့် ဝယ်သူများ(Buyers) Online တွင် ဆောင်ရွက်ကြခြင်းကြောင့် ဈေးကွက်၌ ပို၍အဆင်ပြေချောမွေ့ သည့် အနေအထားမျိုးဖြစ်လာကြောင်း၊ ထို့ကြောင့် FESC မှ ခွင့်ပြု ပေးလိုက်သည့် လိုင်စင်များအတွက်ဆိုလျှင် အထူးသဖြင့် မိမိအရှေ့က ပြောခဲ့သည့် ဆီနှစ်ဆီဖြစ်ကြောင်း၊ နိုင်ငံတော်မှ ပံ့ပိုးပေးထားသည့် နှုန်းထားအပြင် အမြင့်ဆုံးဝယ်ရသည့် နှုန်းထားသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ Online Platform ဖြင့် ရောင်းချပေးနေသည့် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၂၈၂၂ ကျပ် နှုန်းထားဖြင့်သာ ဝယ်ယူ ရခြင်းဖြစ်ကြောင်း၊ ဈေးကွက်ထဲ၌ ပြောနေသည့်အတိုင်း တစ်ဒေါ်လာ လျှင် ၃၀၀၀ ကျပ်ကျော်၊ ၄၀၀၀ နီးပါးဖြစ်သည်ကို ကြားသိရကြောင်း၊ ၃၀၀၀ ကျော် ဈေးနှုန်းဖြင့် ဝယ်ထားခြင်းမဟုတ်ကြောင်း၊ ဈေးနှုန်း အဆမတန်မြင့်တက်လာစေရန် လှုံ့ဆော်လိုသည့် ဝိသမလောဘနှင့် အတူ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သင့်တင့်မျှတသည့်အမြတ်ရရှိရန်လိုကြောင်း၊ သမာသမတ်ကျစေလို ကြောင်း၊ အထူးသဖြင့် ဝင်ငွေ အကန့်အသတ်ဖြစ်နေသည့် လူအများစု၊ အိမ်ထောင်စုများအတွက် အရေးကြီးသော အခြေခံကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လို ကြောင်း၊ FESC အနေဖြင့် ဈေးနှုန်းတည်ငြိမ်စေလိုကြောင်း၊ အထူး သဖြင့် ဈေးကွက်တည်ငြိမ်မှု၊ ဈေးနှုန်းတည်ငြိမ်မှုကို ရည်မှန်းပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းများကျလျှင် ထုတ်လုပ်သူများ ရှုံးမည်ဖြစ်ပြီး ဈေးနှုန်းများစွာတက်လျှင်လည်း စားသုံးသူများအတွက် မကောင်းကြောင်း၊ ထို့ကြောင့် ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့ FESC ကော်မတီအနေဖြင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါ ကြောင်း ပြောကြားသည်။

## အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားဖြစ်နေ

ထို့ကြောင့် ယနေ့တင်ပြမှုသည် FESC ၏ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေ၊ သာမန်အမြတ်(Normal Profit) အနေအထားကို လက်ခံ နိုင်သော်လည်း စီးပွားရေးကဏ္ဍတွင် ဝိသမလောဘကို ရှေ့တန်း မတင်ဘဲ ကျင့်ဝတ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိက ကဏ္ဍနှင့် စီးပွားရေးအသိုက်အဝန်းတို့ လိုအပ်ပါကြောင်း၊ မိမိအနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် တာဝန်ထမ်းဆောင်ခဲ့ သည့်အတွက် အတွေ့အကြုံတစ်ခုအနေဖြင့် ကျန်ခဲ့သည့်နှစ်များတွင် စီးပွားရေးလုပ်ငန်းရှင်များသည် အကြီးအကဲများနှင့်တွေ့ဆုံလျှင် မိမိတို့အစည်းအဝေးများ တက်ရကြောင်း၊ အကြီးအကဲများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်း၊ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို Protection ကာကွယ်ပေးစေလိုကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို မယှဉ်ပြိုင်နိုင်ခြင်း စသည်တို့ကိုလည်း အကြီးအကဲ များကို ပြန်လည်တင်ပြလေ့ရှိကြောင်း၊ ယခုအချိန်သည် စီးပွားရေး လုပ်ငန်းရှင်များအတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးခြင်း၊ MSME ကဏ္ဍများကို ဦးစားပေးခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို သွင်းကုန်အစားထိုးရန် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒအရ အားပေး နေသည့် အခြေအနေများတွင် ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းရှင် များအနေဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ထုတ်လုပ်နိုင်စွမ်း ရှိသည့် Investment အဖြစ်သို့ ကူးပြောင်းစေမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပုဂ္ဂလိကကဏ္ဍများတွင် ရွှေဈေးကွက်၊ မြေဈေးကွက်၊ ကားဈေးကွက်၌ လှည့်ပတ်နေသည့် အရင်းအနှီးအလုံးအရင်းတစ်ခု သည် အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားဖြစ်နေကြောင်း၊ ထို Wave ကြီးထဲတွင် လိုက်ပါစီးဆင်းနေသည့် အနေအထားဖြစ် ကြောင်း၊ ထိုအနေအထားမျိုးမဟုတ်ဘဲ Protective ဖြစ်ပြီး ထုတ်လုပ် နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆောင်ရွက်ခြင်းအားဖြင့် ယခုကဲ့သို့ ဈေးကစားခြင်းများသည် Absorb ဖြစ်သွားမည်ဖြစ် ကြောင်း၊ အရင်းအနှီးအလုံးအရင်းကြီးတစ်ခုကို အားမနေစေရန်၊ ပို၍ Protective ဖြစ်စေရန် ဆောင်ရွက်နိုင်သည့် အနေအထားမျိုး ကိုလည်း ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် **ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံခြားငွေစီးဝင်မှုနှင့်စီးထွက်မှုကို စနစ်တကျ နှင့်မှန်ကန်စေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်း ရှင်များအားလုံး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ စားသုံးသူ ပြည်သူများအနေဖြင့်လည်း ထိတ်လန့်ပြီး ဝယ်ယူမှုများ မဖြစ်စေရန် လိုအပ်ကြောင်း၊ ဈေးနှုန်းသည် Demand နှင့် Supply ရောင်းလိုအား နှင့် ဝယ်လိုအားဖြစ်ကြောင်း၊ ကြောက်အားလန့်အားဖြင့် ဝယ်ယူလေ ဈေးနှုန်းပိုတက်လေဖြစ်ပြီး ဈေးနှုန်းတည်ငြိမ်မှုခဲယဉ်းလေဖြစ် ကြောင်း၊** ထို့ကြောင့် ယနေ့ FESC ၏ လုပ်ငန်းရပ်များကို ရှင်းလင်း တင်ပြပြီး ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အမြတ်ကို ရှေ့တန်းတင်လွန်းခြင်းမရှိဘဲ၊ ဝိသမလောဘမပါဘဲ နိုင်ငံတော်နှင့်အတူ ပြည်သူများအတွက် ပူးပေါင်းပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါ ကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြင်ဦးလွင်မြို့က ဒိုင်နိုဆော ပန်းခြံ

ယဉ်လာဒ်၊ ဓာတ်ပုံ ကိုရဲနိုင်

တောင်လေ့ကားမြို့တော်၊ နှင်းမှုန်မြို့တော်လို့ အမည်နာမအမျိုးမျိုးနဲ့ တင်စားခေါ်ဝေါ်ကြတဲ့ ပြင်ဦးလွင်မြို့မှာ ပြည်တွင်းခရီးသွားဧည့်သည်တွေ မပြတ်မနေ သွားရောက်လည်ပတ်ကြတဲ့ ဒိုင်နိုဆောပန်းခြံအကြောင်းကို ရေးသားဖော်ပြပေးလို ပါတယ်။ ဒိုင်နိုဆောပန်းခြံဟာ ပြင်ဦးလွင်မြို့ကိုလာတဲ့ ပြည်တွင်းခရီးသွားဧည့်သည်တွေ အများဆုံး သွားရောက် အပန်းဖြေလည်ပတ်ကြတဲ့ ခရီးစဉ်ဒေသ တစ်ခုလည်း ဖြစ်ပါတယ်။

## ထင်ရှားတဲ့ နေရာတွေ

ပြင်ဦးလွင်မြို့ဟာ လေ့လာစရာတွေ၊ ခံစား ကြည့်ရှုစရာတွေ၊ လည်ပတ်စရာနေရာတွေ များပြား လှတဲ့ ခရီးစဉ်ဒေသတစ်ခုလို့ ဆိုနိုင်ပါတယ်။ ပြင်ဦးလွင်မြို့ရဲ့ ထင်ရှားတဲ့ နေရာတွေကတော့ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ဘုရင်ခံအိမ် (ခေါ်) Governors House၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ Fame Organic Project၊ ပိတ်ချင်းမြောင်၊ ဒီဇင်ဘာ ခြံ၊ ဘန့်ဘွေးကျင်းရေတံခွန်နဲ့ ပွဲကောက်ရေတံခွန်တို့ ဖြစ်ပြီး ပြည်တွင်းခရီးသွားတွေ အများဆုံးလည်ပတ် ပါတယ်။

## စိတ်ကူးကောင်းကောင်းနဲ့ ပုံဖော်ထား

ဒိုင်နိုဆောပန်းခြံကိုတော့ မြေအကျယ် သုံးဧကေ နီးပါးပေါ်မှာ My house garden (PyinOoLwin) လို့ အမည်ပေးထားပြီး စားသောက်ဆိုင်နဲ့အတူ Mini Zoo ပုံစံသဖွယ် တွဲဖက်ဆောက်လုပ်ထားတာဖြစ်ပါ တယ်။ ရုပ်ရှင်တွေထဲမှာသာမြင်ဖူးကြတဲ့ ဒိုင်နိုဆော



ဒိုင်နိုဆောပန်းခြံအတွင်း လည်ပတ်ကြည့်ရှုနေကြသည့် ပြည်တွင်းခရီးသွားများ။



ပန်းခြံအတွင်းရှိ ဒိုင်နိုဆောအရုပ်ကြီး။

**ဒိုင်နိုဆောပန်းခြံဟာ မန္တလေး-လားရှိုးလမ်းမကြီးပေါ်မှာတည်ရှိပြီး ပန်းခြံဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒေသခံတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေရန် ရည်ရွယ်ပြီး ဒိုင်နိုဆောပန်းခြံကို စိတ်ကူးပုံဖော်ကာ ဆောင်ရွက်ခဲ့တာဖြစ်**

အရုပ်တွေကို စိတ်ကူးကောင်းကောင်းနဲ့ ပုံဖော် ထုဆစ်ထားပြီး လက်ရှိမှာတော့ ဒိုင်နိုဆောအရုပ် ခြောက်ရုပ်နဲ့ ကလေးတွေအကြိုက် ငှက်ရုပ်ကြီး အပါအဝင် စုစုပေါင်း ခုနစ်ရုပ်ရှိပါတယ်။ ပန်းခြံထဲမှာ မိသားစုလိုက် တစ်နေကုန် အပန်းဖြေလည်ပတ်နိုင် အောင် ဖန်တီးပေးထားပါတယ်။ "မိုးတွင်းကာလ မှာတော့ ခရီးသွားဝင်ရောက်လည်ပတ်တာက နည်းပါးပါတယ်။ ပိတ်ရက်လောက်ပဲ ဧည့်သည်များ ကြတယ်။ အခါကြီး ရက်ကြီးတွေဆို လူဦးရေ ၅၀၀ ဝန်းကျင်လောက် လာရောက်လည်ပတ်ကြတယ်"လို့ ဒိုင်နိုဆောပန်းခြံမှ မန်နေဂျာ ကိုရဲနိုင်က စာရေးသူ ကို ပြောပြပါတယ်။

## ဝင်ကြေး

ဝင်ကြေးအနေနဲ့ လူကြီးတစ်ဦးကို ကျပ် ၂၀၀၀ နဲ့ ကလေးတစ်ဦးကို ကျပ် ၁၅၀၀ နှုန်း ကောက်ခံပါတယ်။ ပန်းခြံထဲမှာ အပျော်စီးရဟတ်တစ်စီးကိုလည်း ထည့်သွင်းပေးထားပြီး ရဟတ်စီးရင် လူကြီးတစ်ဦး ကို ကျပ် ၅၀၀ နှုန်း ထပ်မံကောက်ခံတယ်လို့ သိရ ပါတယ်။

ဒိုင်နိုဆောပန်းခြံဟာ မန္တလေး-လားရှိုးလမ်းမကြီး ပေါ်မှာတည်ရှိပြီး ပန်းခြံဖွင့်ရတဲ့ ရည်ရွယ်ချက်က တော့ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေရန်ရည်ရွယ်ပြီး ဒိုင်နိုဆောပန်းခြံကို စိတ်ကူး ပုံဖော်ကာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

မိသားစုနဲ့အတူ၊ ချစ်သူနဲ့အတူ၊ မိတ်ဆွေတွေနဲ့ အတူ ပြင်ဦးလွင်မြို့ကို ရောက်ဖြစ်ခဲ့ရင် ပြင်ဦးလွင် မြို့တော်က ခရီးသွားဧည့်သည်တွေ မပြတ်မနေ သွားရောက်လည်ပတ်ကြတဲ့ နေရာတစ်ခုဖြစ်တဲ့ ဒိုင်နိုဆောပန်းခြံကို သွားရောက်လည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြပေးလိုက်ရပါတယ်။ ။

# မန္တလေးမြို့ အိုးဘိုရွှေကျင်ရပ်တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် အိုးပုတ်ပွဲတော်

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘို-ရွှေကျင် ရပ်တွင် ဝါခေါင်လဆန်း ၈ ရက်နေ့တိုင်း နှစ်စဉ် တစ်ရက်တည်းသာ ကျင်းပလေ့ရှိသော အိုးပုတ် ပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲ၍ ရွှံ့မြေနှင့်ပြုလုပ် ထားသော အိမ်သုံးပစ္စည်းများ၊ ကလေးများအတွက် အိုးပုတ်ကစားစရာ ဝယ်ယူသူများဖြင့် စည်ကား ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက် (၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်)နေ့ နံနက်ပိုင်းမှစ၍ ညနေ၊ နေဝင်ချိန်အထိ ကျင်းပခဲ့ပြီး အိုးပုတ်ဝယ်ယူသူများ၊ မြေဖြင့် ပြုလုပ်သော စုဘူးများ၊ ညောင်ရေအိုး၊ သောက်ရေအိုးများနှင့် ဝါးဖြင့် ရက်လုပ်သည့် အသုံး အဆောင်များ ရောင်းသူ၊ ဝယ်သူများနှင့် စည်ကားခဲ့ သည်ဟု ဆိုသည်။

"ပွဲတော်က မနက်ပိုင်းထက် ညနေပိုင်းမှာ ပိုပြီး စည်ကားတယ်။ မိဘတွေက သူတို့သားသမီးတွေ၊ ကလေးတွေ ကစားဖို့ အိုးပုတ်လာဝယ်တဲ့သူ များတယ်။ တချို့လည်း အိမ်သုံးဖို့ ညောင်ရေအိုးတို့ သောက်ရေအိုးတို့ ဝယ်ကြတယ်။ အိုးပုတ်က ဒီနှစ်မှာ မနှစ်ကထက် ဈေးတက်တယ်ပြောရမယ်။ မနှစ်က အိုးပုတ်အသေး ရှစ်ခုကို ငွေကျပ် ၁၀၀၀ ကနေ ဒီနှစ် ငါးခုကို ငွေကျပ် ၁၀၀၀ နဲ့ ရောင်းပါတယ်။ ကုန်ဈေးနှုန်းနဲ့ မိုးရွာသွန်းမှုများတဲ့အတွက် အိုးပုတ် ထုတ်ရာမှာ အခက်အခဲတွေကြောင့် ဈေးတက်တာ ပါ"ဟု ပွဲတော်တွင် အိုးပုတ်ရောင်းသူ ကိုမြင့်သိန်းက ပြောသည်။

အိုးပုတ်ပွဲမတိုင်မီ နှစ်ရက်အလိုတွင် အိုးပုတ် ရောင်းသူများ ရောက်ရှိလာကြပြီး ရွှံ့စေးမြေဖြင့် ပြုလုပ်ထားသော ရေနွေးကရား၊ ရေနွေးခွက်၊ ထမင်း အိုး၊ ဟင်းအိုး၊ ရေတကောင်း၊ ပစ်တိုင်းထောင်၊ ဇီးကွက်ရုပ်၊ ဆင်ရုပ်၊ နွားရုပ် စသည်တို့ရောင်းချကြပြီး အနည်းဆုံး တစ်ထောင်ကျပ်မှ အများဆုံး ကျပ် ၂၅၀၀ ဖြင့် ရောင်းချကြောင်း၊ အိုးပုတ်ထုတ်လုပ်သည့် ဒေသမှာ မန္တလေးမြို့အနီး အင်းဝဒေသပတ်ဝန်းကျင် ရှိ ကျေးရွာများမှ ရွှံ့စေးမြေများကို လိုအပ်သော အိုးပုတ်များပြုလုပ်ကာ မီးဖုတ်ပြီးနောက် ဆေးရောင် ခြယ်၍ ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"အိုးပုတ်ပွဲတော်မှာ ကျောက်ပန်းကုန်းတွေ ရောင်းကြတာလည်းရှိတယ်။ အဲဒါကို ခေါင်းတွေ ပေါ်မှာ အခွေလိုက်ပန်ပြီး ဈေးတန်းလျှောက်ကြ၊ ဓာတ်ပုံရိုက်ကြနဲ့ လာတဲ့သူတွေ ပျော်ကြတာတွေ့ရ တယ်။ ပြီးတော့ မြန်မာ့ရိုးရာ မုန့်တွေရောင်းတဲ့သူ တွေ၊ ဝါးနဲ့လုပ်တဲ့ အိမ်သုံးပစ္စည်းတွေလည်းရောင်း ကြတော့ ဈေးသည် ဈေးဝယ်စုံတယ်လို့ ပြောရမယ်။ တစ်နှစ်မှာ တစ်ရက်တည်း နှစ်ပေါင်းများစွာ



ကျင်းပလာခဲ့တာပါ"ဟု အိုးဘိုရပ်ကွက် ဒေသခံ တစ်ဦးက ပြောသည်။

အိုးပုတ်ပွဲတော်သည် မြန်မာတို့၏ ဒြပ်မဲ့ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး ပါးစပ်ရာဇဝင်များ အရ မနဲ့လေးဆော့ကစားခဲ့သော အရပ်တွင် အိုးပုတ်ပွဲအဖြစ် တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပလေ့ရှိ ကြောင်း၊ တစ်ချိန်က လာရောက်ရောင်းချသူများ၏ အိုးပုတ်များကို အပျော်သဘောဖြင့် ခိုးယူကြသည့် အတွက် အိုးပုတ်ခိုးပွဲတော်ဟူ၍လည်း ခေါ်ဝေါ်ခဲ့ ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀)**

**ကော့သောင်းခရိုင်တရားရုံးတော်**

**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂**

| | |
|---|---|
| (၁) ဦးကျော်ကျော်ထွေး နှင့် | (၁) ဒေါ်ဇာရီဖွါး |
| (၂) ဒေါ်ခင်မာလွင် | (၂) ဒေါ်အေးအေး |
| (၃) ဒေါ်မိုးမိုးလွင် | (၃) ဦးစိုးနိုင် |
| (၄) ဒေါ်ဥမ္မာလွင် | (၄) ဦးကျော်ကျော်နိုင် |
| | (၅) ဒေါ်အေးငြိမ်းဖြူ |
| | (၆) မယဉ်ယဉ်မျိုး (အရွယ်မရောက်သေးသူ) |
| | (၇)မောင်သော်တာနိုင်ဇင် (အရွယ်မရောက်သေးသူ) (၎င်းတို့၏အုပ်ထိန်းသူ ဒေါ်ဇာရီဖွါး) |
| | (၈) ကိုဝင်းနိုင်ဦး |
| (တရားလိုများ) | (တရားပြိုင်များ) |

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၉)နေ အမှတ်(၈) တရားပြိုင် ကိုဝင်းနိုင်ဦး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေရန် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရှေ့နေအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ စက်တင်ဘာ(၂၁)ရက်နေ့၊ ၁၃၈၅ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်နေ့ မွန်းမတည့်မီ(၁၀)နာရီအချိန် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်နေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်အမှုအား ဆက်လက်ဆောင်ရွက်လိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြမှုပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်ပြလိုလျှင် အမှုမဆိုင်မီ(လေး)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဆန်းဘို)**
**ဒုတိယခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

---

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘုရားပျို့ရွာနေ ဒေါ်လှလှကြည် ၇/ဇကန (နိုင်) ၀၁၇၀၀၄၏ မွေးသက္ကရာဇ် အမှန်မှာ (၂၇-၇-၁၉၆၅) ဖြစ်ပါကြောင်း။

**ဒေါ်လှလှကြည်**
**၇/ဇကန(နိုင်)၀၁၇၀၀၄**

---

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘုရားပျို့ရွာနေ ဒေါ်ခင်မာအေး ၇/ဇကန (နိုင်)၀၂၇၂၇၉ ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၄-၂-၁၉၇၁) ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာအေး**
**၇/ဇကန(နိုင်)၀၂၇၂၇၉**

---

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘုရားပျို့ရွာနေ ဦးစိုးမြင့် ၇/ဇကန (နိုင်)၀၂၇၉၀၂၏ မွေးသက္ကရာဇ် အမှန်မှာ (၁-၁-၁၉၆၃) ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်**
**၇/ဇကန(နိုင်)၀၂၇၉၀၂**

---

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဘုရားပျို့ရွာနေ ဒေါ်မို့မို့အောင် ၇/ပမန (နိုင်)၁၂၀၆၅၃ ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၇-၈-၁၉၈၀) ဖြစ်ပါကြောင်း။

**ဒေါ်မို့မို့အောင်**
**၇/ပမန(နိုင်)၁၂၀၆၅၃**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာ(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅တိုးချဲ့)၊ မြေကွက်အမှတ်(၉၁/ခ)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြမြေစာရင်းမှတ်တမ်းတွင် ဒေါ်အေးအေးမူ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်ကို အမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်စုရတနာမောင်(၁၂/ဥကတ(နိုင်)၁၅၃၉၃၃)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးမောင်မောင်(၁၂/သဃက(နိုင်)၁၅၅၇၃၅)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဇာလီအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၃၅၂/၂၀၁၈)**
**တိုက်-၃-၂၀၅၊ စင်းကားအိမ်ရာ၊(၃၆)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း(၀၉-၄၂၁၀၃၈၉၃၉)**

---

## အမည်ပြောင်း

ဦးတေဇာဘုန်း ၁၂/လသန (နိုင်)၀၁၉၄၃၅ ၏ သမီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ YLDS ကိုယ်ပိုင်မူလတန်းကျောင်း Grade-5 မှ မရွှေနံ့သာမှုံအား မစံဝတ်မှုံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မစံဝတ်မှုံ**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက လျှော်ဖြူကုန်း(၇)၏ G-12 မှ မအေးအေးငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၉/သစန(နိုင်) ၁၀၄၆၀၂ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက လျှော်ဖြူကုန်း(၇)၏ G-12 မှ မအိအိမျိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၆-၂၀၀၅ ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ် အထက ဝက်ခြံဂရက် Grade-12မှ မောင်ဖွဲ့ထက်အောင်၏ ဖခင်အမည်မှာ ဦးအောင်မိုး(ခ) ဦးမြတ်ကျော် ၁၄/ရကန(နိုင်)၀၉၁၆၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မိုး(ခ) ဦးမြတ်ကျော်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၅၄၂၊ အလျား ၂၅'xအနံ ၅၀'၊ ဧရိယာ ၀ဒသမ၀၂၈ ဧက အကျယ်ရှိ ဒေါ်သန်းတင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစား၊ မြေကွက်လိပ်စာ အမှတ် ၃၄၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော မြေနှင့်နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (ဖခင်)(ဦးသန်းနွဲ့နှင့်(မိခင်) ဒေါ်သန်းတင်)တို့ ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်းတို့၏ချွေးမနှင့် သားသမီး(၄) ဦးဖြစ်သော (၁)ဒေါ်စန်းစန်းဝေ(ဘ)ဦးအုန်းရွှေ ၅/မရန(နိုင်)၀၆၇၈၆၇၊(၂)ဦးလူမော်ထွန်းနွဲ့(ဘ)ဦးသန်းနွဲ့ ၁၂/လမန(နိုင်)၀၂၁၅၇၉၊ (၃) ဒေါ်ဥမ္မာနွဲ့(ဘ) ဦးသန်းနွဲ့ ၁၂/လမန(နိုင်)၀၂၈၁၁၂၊(၄)ဒေါ်စန္ဒာနွဲ့(ဘ)ဦးသန်းနွဲ့ ၁၂/မရက (နိုင်)၀၂၇၄၉၃တို့မှ ဖော်ပြပါမြေကွက်ကို အမွေဆက်ခံ၍ လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် အမှုအခင်းအရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မဥ္ဇူအေးသိန်း(LL.B)(စဉ်-၁၂၂၅၇)**
**တရားလွှတ်တော်ရှေ့နေ**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့၊**
**၀၉-၅၁၄၁၄၈၃/၀၉-၄၃၀၂၃၃၂၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က၊ အမှတ် 5-A (A-1)3 ထပ်တိုက်၏ ခေါင်းရင်းခန်း၊ မြေညီထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိ ထားပိုင်ဆိုင်သည့် ရတနာတိုးဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဦးစိုးဝင်း ၁၂/လမန(နိုင်) ၀၃၅၅၆၅၊ ဒေါ်ဖြူဖြူကျော် ၁၂/လမန (နိုင်)၁၂၂၉၀၉ တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြေညာစာပါပြီး (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့်သတ်မှတ်ထားသော နေ့ရက်အတွင်း ကန့်ကွက်မှုမရှိပါ က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသူဇာ (LL.B)**
**အထက်တန်းရှေ့နေ (စဉ် -၂၈၆၈၄)**
**No.125-ကသစ်လမ်း၊ ဖရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-401052349၊ 09-987859615**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၃၃)ဟု ခေါ်တွင်သော (၇)ထပ်တိုက် အဆောက်အအုံ၏ (၇)လွှာခေါင်းရင်းခြမ်း အကျယ်(၁၂x၅၀)ပေရှိ ထပ်ခိုးပါတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်မေဇင်စိုး (၁၄/ပတန(နိုင်) ၁၀၅၈၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီး အပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်းထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၅၇)**
**အမှတ်-၉၇၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉-၂၆၀၃၀၅၂၂၅၊ ၀၉-၉၇၇၀၀၂၅၇၅**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင်ကျေးရွာ၊ အမှတ်(၅) ရပ်ကွက်နေ ဦးသန်းထွန်း ၉/လဝန (နိုင်)၀၈၅၀၀၅နှင့် ဒေါ်လှခင် ၉/လဝန(နိုင်)၀၈၄၉၄၅တို့၏ သားသမီးသုံးယောက်အနက်မှ အကြီးဆုံးသားဖြစ်သူ မောင်ဇော်မင်းထွန်း (ခ)ကုလား ၉/လဝန (နိုင်)၁၆၅၆၉၈ သည် မိဘကိုအရှက်တကွဲအကျိုးနည်းဖြစ်အောင် စိတ်ဆင်းရဲဒုက္ခအမျိုးမျိုးရောက်အောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် တရားဝင်ကြေညာအပ်ပါသည်။

**(မိဘ)ဦးသန်းထွန်း-ဒေါ်လှခင်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၁၃)၊ လူနေ ရပ်ကွက်အမှတ်(၁၆)၊ မင်းတပ်(၄)လမ်း၊ မြေကွက်အမှတ်(၃၇၇/က)၊ အကျယ်အဝန်းပေ(၂၀x ၆၀) မြေကွက်အမှတ်(၃၇၇/ခ)၊ အကျယ်အဝန်းပေ (၂၀x ၆၀)၊ မြေကွက်အမှတ်(၃၇၆/က)၊ အကျယ်အဝန်း ပေ(၂၀x ၆၀) မြေကွက်များသည် မြေချပါမစ်အမျိုးအစားများဖြစ်ပြီး မြေချပါမစ်အမည်ပေါက်သူများမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းရောင်းချခဲ့ရာ ဦးလုကာ (၁၂/လသယ(နိုင်)၀၃၇၃၀၀)မှ နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင်လက်ရှိထား အကျိုးခံစားလျက်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှအပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက် အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင် (LL.B. D.B.L) လိုင်စင်အမှတ်-၁၀၇၄၅**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၀၆၉၊ အောင်ဗောဓိလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ဖုန်း- ၀၉-၄၂၅၂၉၂၉၂၃**

---

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၂)၊ (၈)လမ်း၊ အမှတ်(၂၂၉)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ) (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၂ ပေခွဲxပေ၅၀)ရှိတိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာ လာ(၁၂/သဃက (နိုင်)၀၃၉၇၈၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သီတာစု(၇/ထတပ(နိုင်) ၀၇၁၂၁၆)က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက် အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆို ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)**
**(စဉ်-၄၈၄၃၁) အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/16506, Yamahafzs ယာဉ်လက်ဝယ်ရှိသူ Thin Pyant Hein Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## အထူးကိုယ်စားလှယ်လွှဲ စာချုပ်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့တော်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၆-၁-၂၀၂၃ရက်တွင် စာချုပ်အမှတ်(၃၆၈)ဖြင့် ကျွန်တော် ဦးသိန်းရွှေ ၁၂/ဥကတ(နိုင်) ၁၂၃၃၅၆ ဂျေအမ်အေဂျီ - (၀၁၅၀၁)မှဦးတင်မောင်အေး ၁၁/ကဖန(နိုင်)၀၅၅၉၈၇ကို အထူးကိုယ် စားလှယ်လွှဲထားခြင်းအား ဤကြေညာပါသည့်ရက်မှ ဖျက်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းရွှေ**
**၁၂/ဥကတ(နိုင်)၁၂၃၃၅၆**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၇)၊ မြေကွက်အမှတ် (၁၁၀၇/က)၊ အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ (ယခုအခေါ်အမှတ်-၁၁၀၇/က)၊ မင်းရဲကျော်စွာ (၂)လမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာ ယာမြို့နယ်) ဟုခေါ်တွင်သော ဦးသိန်းကြည် (ISN-626049)၊ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပူးတီ ၁၀/ပမန(နိုင်)၂၂၅၉၃၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာ တမ်းမူရင်းပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L) အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄/၂၀၁၃)**
**တိုက် (၃၉၀/၄)၊ စက်မှု (၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ(၁၂)လမ်း၊ အမှတ်(၉၈၆/ခ၊ ၉၈၇/က) ရှိ (၆-လွှာ)(ပဥ္စမထပ်)၊ တိုက်ကိုမျက်နှာမူလျှင်(ညာ)ဘက်ခြမ်းဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးအောင်ခင်ကျော် (၁၂/သဃက(နိုင်)၀၆၃၃၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇာသွင် (၁၄/လပတ(နိုင်)၁၇၀၃၆၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ အမှတ်(၁၅) နေ ဒေါ်လှကျင် (၁၀/သဖရ(နိုင်)၀၀၂၆၂၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၂၆)နေ ဒေါ်အေးအေးမော်(၁၀/သဖရ(နိုင်) ၀၃၂၆၀၄)အား ခင်ပွန်းဖြစ်သူ ဦးမွန်အောင် (၁၆-၄-၂၀၀၈)ရက်က ကွယ်လွန်ပြီးကတည်းက ယောက္ခမဖြစ်သူ ဒေါ်လှကျင် ကပင် အစစအရာရာ ပေးကမ်းထောက်ပံ့ခဲ့သော်လည်း ယောက္ခမဖြစ်သူ၏ ကျေးဇူးတရားကိုမထောက်ထားဘဲ နည်းမျိုးစုံဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်ခဲ့သည့်အပြင် မိမိသဘောအလျောက် ယောက္ခမပိုင်နေအိမ်မှ ထွက်သွားသဖြင့် ဤကြေညာသည့်နေ့မှစ၍ ချွေးမအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်၍ ဒေါ်လှကျင် ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများပေါ်တွင် တစ်စုံတစ်ရာအကျိုးခံစားခွင့်ရှိမည်မဟုတ်ကြောင်း၊ တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောစုလတ် (စဉ်-၇၉၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**မ-၇၊ အောင်ဆန်းလမ်း၊ ကြံခိုင်ရေးရပ်ကွက်၊ သံဖြူဇရပ်မြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရွှေဘိုမြို့နယ်တရားရုံးတော်
### ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၈

ဦးမြင့်မောင် နှင့် ဒေါ်ချိုမာစိုး
တရားလို တရားပြိုင်

စစ်ကိုင်းမြို့၊ ခြေလျင်တပ်မ ၃၃နေ(ဘ)ဦးလှကြိုင်၏သမီးဖြစ်သူဒေါ်ချိုမာစိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်မောင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ ၁၃၈၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈)ရက်နေ့ မွန်းမတည့် မီ(၁၀)နာရီအချိန်ခန့်တွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်လာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကုထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

(ဇာလီဝင်း)
မြို့နယ်တရားသူကြီး
ရွှေဘိုမြို့နယ်တရားရုံး

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

မိုးကောင်းမြို့၊ အရှေ့ရပ်၊ အကွက်အမှတ် (၃)၊ အကွက်အမည်-အရှေ့ရပ်၊ ဦးပိုင်အမှတ် (၁၉၇)၊ ဧရိယာ (၀.၁၆၂) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၉၂-က၊ ၁၉၂-ခ)
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင် (၁၉၈၊ ၁၉၉)
(ဃ) မြောက်လားသော် - ဦးပိုင် (၁၉၄၊ ၁၉၅၊ ၁၉၃)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်တင်ရီမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မိုးကောင်းမြို့နယ်

## NEW WHITE TAUNG ZALATT COMPANY LIMITED ၏ အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ကျွန်တော်များ NEW WHITE TAUNG ZALATT COMPANY LIMITED ၏ ၂၃-၈-၂၀၂၃ရက်တွင် ကျင်းပပြု လုပ်သောကုမ္ပဏီ၏အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင်အစုရှယ်ယာ ၅၀၀ စု, တန်ဖိုး ကျပ် ၅၀,၀၀၀,၀၀၀ကျပ်မှ ယခုရှယ်ယာအစုရှယ်ယာ၁၀စုတန်ဖိုးကျပ် ၁,၀၀၀,၀၀၀ကျပ်သို့ လျှော့ချရန်အစုရှယ်ယာရှင်များက အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
NEW WHITE TAUNG ZALATT COMPANY LIMITED

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/37328, Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံမိုး ၇/ပတန(နိုင်)၁၃၆၉၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2U/1040 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းယု ၇/သနပ(နိုင်)၀၉၁၉၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၈၂၈၁၅, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/55020, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Su Shwe Mandalar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြစ်ကြီးနားမြို့နယ် တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂

ဒေါ်လုရင် နှင့် ဦးနေလင်း(ခ)လင်းလင်း
တရားလို တရားပြိုင်

မိုညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာနေ ဦးနေလင်း(ခ)လင်းလင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်လုရင်က အကြင်လင်မယားအဖြစ်မှကွာရှင်းပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်(၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးချမ်းလင်း)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မြစ်ကြီးနားမြို့နယ်တရားရုံး

## EDEN SEVEN COMPANY LIMITED ၏ အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

